ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၂ ရက်၊ အင်္ဂါနေ့ (13-7-2010) (၆၄၅၈)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုနှုတ်ဆက်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် မစ္စတာလီခချန်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် မစ္စတာလီခချန်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် ယနေ့နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

### ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊

**စာမျက်နှာ ၂ ကော်လံ ၁ သို့** ☆

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ၂၀၁၀ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲ တက်ရောက်အားပေး

နေပြည်တော် ဇူလိုင် ၁၂

**အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၁၀ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်သည်။**

အဆိုပါ စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်နှင့် ကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊

**စာမျက်နှာ ၂ ကော်လံ ၁ သို့** ✳

| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး |
| ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး | ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး | ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

မြေမှုံ The Mirror

၁၃-၇-၂၀၁၀
(အင်္ဂါနေ့)

# မြန်မာ-လာအို ချစ်ကြည်ရင်းနှီးမှုခိုင်မာ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု တိုးတက်မြင့်မား

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံတို့ သံတမန်ဆက်သွယ်ထူထောင်ခဲ့သည်မှာ (၅၅)နှစ်ပြည့်မြောက်ခဲ့ပေပြီ။ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ချိန်မှစ၍ နှစ်နိုင်ငံအကြား ဖြစ်တည်နေသည့် အိမ်နီးချင်းကောင်းပီသမှု၊ ကောင်းမွန်သည့် ထုံးတမ်းစဉ်လာ ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတို့သည် ပိုမိုခိုင်မာလျက်ရှိသည်။

မြန်မာနှင့် လာအိုနိုင်ငံတို့အကြား ဝိသေသထူးခြားသည့် ဆက်ဆံရေးကို နှစ်နိုင်ငံပြည်သူများ၏ တူညီသော ဘာသာရေး၊ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းတို့ကို အခြေခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ နှစ်နိုင်ငံအကြား ထုံးတမ်းစဉ်လာအရ ချစ်ကြည်ရင်းနှီးမှု၊ နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်ယုံကြည်မှုများသည် ပိုမိုခိုင်မြဲ နက်ရှိုင်းလာလျက်ရှိသည်။

နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်လည်ပတ်သည့် ချစ်ကြည်ရေးခရီးစဉ်များသည် ဖြစ်တည်နေသည့်ချစ်ကြည်ရင်းနှီးမှုကို တိုးမြင့်ခိုင်မာလာစေသည်။ နှစ်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးအပါအဝင် ကဏ္ဍစုံ အကျိုးတူကိစ္စရပ်များကို ဆက်လက်မြှင့်တင် ဖော်ဆောင်သွားနိုင်ရန် တွန်းအားကောင်းများပင်ဖြစ်သည်။

မြန်မာနှင့် လာအိုတို့သည် သံတမန်ဆက်ဆံရေးသက်တမ်းကာလအတွင်း အိမ်နီးချင်းကောင်းပီသသည့် ဆက်ဆံရေးနှင့်အတူ နှစ်နိုင်ငံပြည်သူများအတွက် အကျိုးဖြစ်ထွန်းမှုများစွာကို ဖော်ဆောင်ပေးနိုင်ခဲ့သည်။ နှစ်နိုင်ငံအကျိုးအတွက် အပြန်အလှန် ပူးပေါင်းအကောင်အထည်ဖော်မှုများကိုသာမက ဒေသတွင်းနှင့် ကမ္ဘာကြီးဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်းတည်ငြိမ်မှုနှင့် ပူးပေါင်းလုပ်ငန်းများလုပ်ကိုင်ရန် အလားအလာကောင်းများကို ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် အာဆီယံ၊ စီအယ်လ်အမ်ဗွီ၊ ဂျီအမ်အက်စ်၊ အက်ခ်မက်စ်စသည့် ဒေသတွင်းနှင့် ဒေသခွဲအတွင်း ပူးပေါင်းလုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ မူဘောင်အတွင်း ပိုမိုနီးကပ်ပံ့ပိုးနိုင်မှုများ ဖြစ်ထွန်းနေပေသည်။

နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှုနှင့် တစ်ဦးနှင့်တစ်ဦး ထောက်ခံပေးမှုများသည် နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်ဖော်ဆောင်နိုင်ခဲ့သည့် အကျိုးရလဒ်များဖြစ်သည်။

မြန်မာနှင့် လာအိုနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး(၅၅)နှစ်တာကာလအတွင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာတိုးတက်လာသည်။ နှစ်နိုင်ငံပြည်သူများအကြား ဖြစ်တည်နေသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် အစဉ်အလာကောင်းများနှင့်အတူ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားနိုင်ကြမည်ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### ☆ နိုင်ငံတော်အကြီးအကဲမှ

နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Wang Zhonying နှင့်တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားကြသည့်အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေနှင့် ဌာနဆိုင်ရာ အကြီးအကဲများလည်း ပြန်လည်လိုက်ပါခဲ့ကြသည်။

(သတင်းစဉ်)

### ကြည့်ရှုအားပေး

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ၂၀၁၀ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ၏ ပွဲဦးထွက်ပွဲစဉ်အဖြစ် အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

### ✻ ရှေ့ဖုံးမှ

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အသင်းခေါင်းဆောင်များ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ ပြိုင်ပွဲဝင်အားကစားသမားများသည် ပြိုင်ပွဲကျင်းပမည့် အမှတ်(၁) နေပြည်တော်အားကစားကွင်းအတွင်း နေရာယူကြပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌအား အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲသည် စတုတ္ထအကြိမ်အဖြစ် နေပြည်တော်တွင် ကျင်းပသည့်ဘောလုံးပြိုင်ပွဲဖြစ်ပြီး ယခင်နှစ်ပြိုင်ပွဲအတိုင်း ဗဟိုအာဏာပိုင်အဖွဲ့များနှင့် ဝန်ကြီးဌာနစုစုပေါင်း အသင်း ၃၅သင်း ပါဝင်ယှဉ်ပြိုင်ကြသည်ကို တွေ့ရကြောင်း၊ ဤပြိုင်ပွဲသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ရည်ရွယ်ချက်(၃)ရပ်ချမှတ်၍ ကျင်းပသည့်ပြိုင်ပွဲဖြစ်ကြောင်း၊ National Fitness အမျိုးသား ကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူဖြစ်စေရေး၊ ဝန်ကြီးဌာနအသီးသီးမှဝန်ထမ်းများ အပန်းဖြေမှုဖြစ်သကဲ့သို့ ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ဖြစ်စေရေး၊ ဝန်ထမ်းများ တက်ကြွရွှင်လန်းစွာဖြင့် မိမိတို့တာဝန်များကို ပိုမိုထမ်းဆောင်နိုင်စေရေး စသည့် ရည်ရွယ်ချက်များပင် ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဝန်ထမ်းအားကစားသမားအားလုံး အဆိုပါရည်ရွယ်ချက်(၃)ရပ် ပြည့်မြောက်အောင်မြင်ရေးအတွက် အလေးထားကြိုးပမ်း ယှဉ်ပြိုင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ရောက်ရှိအောင် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာတွင် နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးကိုလည်း အခြားသောကဏ္ဍများနည်းတူ ဦးစားပေးဆောင်ရွက်နေသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် လူမှုရေးဦးတည်ချက်(၄)ရပ်အနက် "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"ဆိုသည့် ဦးတည်ချက်သည် နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများနှင့် တိုက်ရိုက်ပတ်သက်နေသည့် ဦးတည်ချက်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများကို ရေတို၊ရေရှည် စီမံချက်များချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် "မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည်" ဆိုသည့် မြင့်မားပြီး တိကျပြတ်သားသည့် ဦးတည်ချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

"အားကစားမြှင့်တင် တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်"

"အားကစားအောင်မြင်မှုသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေသည်"

"အားကစား တိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းနှင့် အခြေအနေကို ဖော်ပြသည်" ဆိုသည့် အားကစားခံယူချက်များကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေချိန်တွင် ဘောလုံးကစားနည်းသည်လည်း တစ်မျိုးသားလုံး စိတ်ဝင်စားဆုံး အားကစားနည်းဖြစ်သည်နှင့်အညီ မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် လူရွေးချယ်ရေးစီမံချက်၊လေ့ကျင့်ရေးစီမံချက်၊အောင်နိုင်ရေးစီမံချက်များချမှတ်ဆောင်ရွက်နေကြောင်း။

ထို့အတူ လူအများစု ပါဝင်ကစားသည့် လူထုဘောလုံးအားကစားမှ အဆင့်မြင့်ကျွမ်းကျင်သူများပါဝင်သည့် ထူးချွန်ဘောလုံးအားကစားအဖြစ် ကူးပြောင်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိရာတွင် မြန်မာနေရှင်နယ်လိဂ် အဆင့်မြင့်ဘောလုံးပြိုင်ပွဲများ ကျင်းပလျက်ရှိသကဲ့သို့ အသက်(၁၉)နှစ်အောက်၊ အသက်(၂၃)နှစ်အောက်နှင့် ပြည်နယ်/တိုင်းဘောလုံးပြိုင်ပွဲများကိုလည်း စဉ်ဆက်မပြတ်ကျင်းပလျက်ရှိကြောင်း၊ ယနေ့ဘောလုံးပြိုင်ပွဲသည် နေပြည်တော်တွင်ရှိသည့် ဗဟိုအာဏာပိုင်အဖွဲ့များနှင့် ဝန်ကြီးဌာနများမှ လက်ရွေးစင်အသင်းများပါဝင်သည့် ဝန်ထမ်းအဆင့် ဘောလုံးအားကစားပြိုင်ပွဲပင်ဖြစ်ကြောင်း၊ ဤပြိုင်ပွဲတွင် ဘောလုံးအားကစားနည်းကို ဝန်ထမ်းများစိတ်ပါဝင်စားကစားလာပြီး ကျန်းမာကြံ့ခိုင်ရေး၊ စိတ်ပျော်ရွှင်ရေး၊ အချင်းချင်းချစ်ခင်ရင်းနှီးစွာဖြင့် လုပ်ငန်းများ ပိုမိုအောင်မြင်ရေးတို့ကို ဦးတည်ပါကြောင်း၊ ထိုကမှတစ်ဆင့် နိုင်ငံတော်ကအားထားရမည့် လက်ရွေးစင် အားကစားသမားများကို စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း။

ထို့ကြောင့် ဤဦးတည်ချက်ကို ထိန်းသိမ်းရင်း ဝန်ထမ်းများအချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးဖြင့် ပျော်ရွှင်စွာ ယှဉ်ပြိုင်ကစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ အလားတူ ပြိုင်ပွဲကြီးကြပ်သည့် ဒိုင်လူကြီးများအနေဖြင့်လည်း ဘက်လိုက်မှုကင်းရှင်းပြီး ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများအတိုင်း တရားမျှတမှန်ကန်စွာ တိတိကျကျဆုံးဖြတ်ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားကြမည့် ကစားသမားအားလုံး အားကစားသမားကောင်းများ၏ အမူအကျင့်နှင့် ပင်ကိုစွမ်းရည်များကို ဖော်ထုတ်ယှဉ်ပြိုင်သွားကြပါ။ အားကစားသမားအချင်းချင်း ချစ်ခင်ရင်းနှီးစွာဖြင့် အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် အသန့်ရှင်းဆုံး ယှဉ်ပြိုင်ကစားသွားကြပါ၊ ထိုမှတစ်ဆင့် ကျန်းမာကြံ့ခိုင်ပြီး အရည်အသွေး၊ အရည်အချင်းထက်မြက်မြင့်မားသည့် ပြည်သူ့ဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားပြီး ၂၀၁၀ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

ယင်းနောက် ပြိုင်ပွဲဝင်အားကစားသမားများသည် အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကိုရွတ်ဆိုကြပြီး ကွင်းအတွင်းမှ စနစ်တကျပြန်လည်ထွက်ခွာသွားကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ပွဲဦးထွက်ပွဲစဉ်အဖြစ် အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

၂၀၁၀ခုနှစ် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အသင်း(၃၅)သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး နေပြည်တော်အားကစားကွင်း၊ နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်းနှင့် နေပြည်တော်လယ်ဝေးအားကစားကွင်းတို့၌ အုပ်စုရှစ်အုပ်စုခွဲ၍ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပထမအဆင့် အုပ်စုပွဲစဉ်များကို ဇူလိုင် ၁၂ ရက်မှ ဩဂုတ် ၇ ရက်အထိ၊ ဒုတိယအဆင့် အုပ်စုပွဲစဉ်များကို ဩဂုတ် ၁၁ ရက်မှ ၂၆ ရက်အထိ၊ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၂ ရက်အထိ၊ အကြိုဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ ၆ ရက်နှင့် ၇ရက်အထိနှင့် တတိယနေရာလုပွဲကို စက်တင်ဘာ ၉ ရက်တို့တွင် သတ်မှတ်ထားသော အားကစားကွင်းများ၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်ကို စက်တင်ဘာ ၁၀ရက်တွင် နေပြည်တော်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ယနေ့ ညနေပိုင်းတွင် ပွဲဦးထွက်ပွဲစဉ်အဖြစ် အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဇူလိုင် ၁၃ရက် ညနေ ၄ နာရီတွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အသင်းနှင့် သမဝါယမဝန်ကြီးဌာန အသင်းတို့သည် အမှတ်(၁)နေပြည်တော်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၃-၇-၂၀၁၀ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၁၅ | ၂။ | အောင်တော်မူ (စောမင်းနောင်၊စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်) |
| ၇း၂၅ | ၃။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၀ | ၆။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက |
| ၈း၀၀ | ၇။ | နှောင်းခေတ်တေးပဒေသာ |
| ၈း၁၀ | ၈။ | အတီးပြိုင်ပွဲ |
| ၈း၂၅ | ၉။ | တေးဂီတအစီအစဉ် |
| ၈း၄၀ | ၁၀။ | International News |
| ၈း၄၅ | ၁၁။ | Local Talent |
| ၈း၅၀ | ၁၂။ | "အိမ်တွင်းပုန်းများမကြည့်ရ" |
| ၉း၀၀ | ၁၃။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၄း၂၅ | ၃။ | အကပြိုင်ပွဲ |
| ၄း၄၀ | ၄။ | နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ |
| ၄း၅၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (ရသစာပေအရေးအသား အထူးပြု) (ရသစာပေအရေးအသား) |
| ၅း၀၅ | ၆။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၁၅ | ၇။ | ကြေးမုံရိပ်သွင်တေးနှုယဉ် |
| ၅း၂၀ | ၈။ | "ကလေးများအတွက် အကောင်းဆုံး" |
| ၅း၄၅ | ၉။ | ရင်မှာစွဲထင်တေးအလှသံစဉ် |
| ၆း၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၂။ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ |
| ၆း၃၅ | ၁၃။ | ဆိုလိုက်ကြစို့ |
| ၇း၀၀ | ၁၄။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "တို့အတူရှိစဉ်တုန်းက" (အပိုင်း-၃၅)** |
| ၈း၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | အထိမခံရွှေနိုင်ငံ [တေးရေး/ဆို- ပေါက်စ(Drum)] |
| | ၁၉။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယတွဲ) (အပိုင်း-၉)** |
| | ၂၀။ | "ရုပ်ရှင်ပဟေဠိ" |
| | ၂၁။ | အစီအစဉ်ပြီး၏။ |

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် စစ်ကိုင်းတိုင်းအတွင်းရှိ လမ်း၊ တံတားနှင့် မြစ်ရေတင်စီမံကိန်းများ၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ နေပြည်တော်-မန္တလေး လမ်းပိုင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပုသိမ်-မုံရွာလမ်း(စစ်ကိုင်းတိုင်းအပိုင်း)အား ကတ္တရာလမ်းအဆင့် တိုးမြှင့်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော်      ဇူလိုင်      ၁၂

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် မုံရွာမြို့မှ ထွက်ခွာလာရာ မုံရွာမြို့အနီးရှိ ပုသိမ်-မုံရွာလမ်းမကြီးသို့ ရောက်ရှိသည်။**

နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပုသိမ်-မုံရွာလမ်း(စစ်ကိုင်းတိုင်းအပိုင်း)မိုင်တိုင် (၄၂၄/၅)မှ (၄၅၀/၅)အထိ ၂၆ မိုင်အား ကတ္တရာလမ်းအဆင့် တိုးမြှင့်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပုသိမ်-မုံရွာ လမ်းမကြီးပေါ်ရှိ ဆားလင်းကြီးမြို့နယ်နှင့် ယင်းမာပင်မြို့နယ်တို့ကို ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် မြောက်ယမားချောင်း တံတားတည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိ၍ တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောက်လုပ်သည့် မြောက်ယမားချောင်းတံတားသည် တံတားအရှည်ပေ ၁၂၈၀၊ ယာဉ်သွားလမ်းအကျယ် ၁၀ပေ၊ တံတားအမျိုးအစား ဘိုးပိုင်အုတ်မြစ်သံကူကွန်ကရစ် D/S ဘေလီ ခုနစ်ခန်း၊ S/S ဘေလီ ၁၂ ခန်းပါ သစ်သားကြမ်းခင်းအမျိုးအစားဖြစ်ပြီး ခွင့်ပြုယာဉ်အလေးချိန် ၁၃တန်ဖြစ်သည်။

## လျှပ်စစ်မြစ်ရေတင်

ယင်းနောက် ဝန်ကြီးချုပ်သည် ဆားလင်းကြီးမြို့နယ် ကျောက်မျက်ကျေးရွာအနီး ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန၏ ချင်းတွင်းမြစ်ရေ အရင်းအမြစ်ကို အသုံးပြု၍ သောက်သုံးရေဖူလုံရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေပေးဝေရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည့် ညောင်ပင်ကြီး လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ထွဋ်ဝင်းက စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် ရေသောက်ဧရိယာအတွင်း နှစ်အလိုက်စိုက်ပျိုးသီးနှံများ၏ အခြေအနေများကို ရှင်းလင်းတင်ပြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်မှုလယ်ယာဦးစီးဌာနက ပြသထားသည့် လယ်ယာ(၂၂) ထွန်စက်၊ ကောက်စိုက်စက်၊ စပါးရိတ်စက်နှင့် တမန်းလှေတို့ကို လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ပြသထားသည့် စပါးမျိုးနမူနာများ၊ ပိုးသတ်ဆေး၊ အပင်အားဆေးနှင့် မှိုသတ်ဆေး နမူနာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် မြောင်းမကြီးပေါ်ရှိ ရှုရပ်မှ မြောင်းမကြီးနှင့် လက်တံမြောင်းတို့ဖြင့် လယ်ယာမြေများသို့ ရေဖြန့်ဝေပေးမှု၊ ရေသောက်ဧရိယာအတွင်း လယ်များ၌ မိုးစပါးထွန်ယက်စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မုံရွာမြို့မှထွက်ခွာလာပြီး မြင်းမူမြို့နယ် ပျော့ကျေးရွာအနီး ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန၏ မူးမြစ်ရေအရင်းအမြစ်ကို အသုံးပြု၍ ဆောင်ရွက်လျက်ရှိသော ပျော့ရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူးချုပ် ဦးကြည်ထွဋ်ဝင်းက စီမံကိန်းတည်နေရာ၊ ရေသောက်ဧရိယာများသို့ စိုက်ပျိုးရေပေးဝေမှုနှင့် သီးနှံစိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ပုသိမ်-မုံရွာလမ်းမကြီးပေါ်ရှိ ဆားလင်းကြီးမြို့နယ်နှင့် ယင်းမာပင်မြို့နယ်တို့ကို ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် မြောက်ယမားချောင်းတံတားကိုတွေ့ရစဉ်။**

(သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က လျှပ်စစ်မြစ်ရေတင်စီမံကိန်းများနှင့် စပ်လျဉ်း၍ စီမံကိန်းဧရိယာအတွင်းရှိ ယာမြေများ စိုက်ပျိုးရေလိုအပ်သည့်အချိန်တွင် ရေပေးနိုင်ရေး စီမံဆောင်ရွက်ပေးရန်၊ ရေပေးမြောင်းများ အစဉ်အမြဲကောင်းမွန်နေရေး အမြဲမပြတ်စစ်ဆေးပြုပြင် ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

## ဧရာဝတီတံတား (ရတနာပုံ)

ဆက်လက်၍ ဝန်ကြီးချုပ်သည် ဧရာဝတီတံတား(ရတနာပုံ)သို့ ရောက်ရှိပြီး တံတားကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဦးခင်မောင်မြင့်က ဧရာဝတီတံတား(ရတနာပုံ) မန္တလေးဘက်ကမ်း အတက်လမ်း တိုးချဲ့ချဉ်းကပ်တံတား တည်ဆောက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးသည်။

## အမြန်လမ်းမကြီး

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်း နေပြည်တော်-မန္တလေး လမ်းပိုင်း မိုင်တိုင်အမှတ် (၃၂၅/၁)ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ပြင်စည်ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာ ဦးတင့်ဆန်းက နေပြည်တော်-မန္တလေး လမ်းပိုင်း၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဖောက်လုပ်သည့် ကူကွဲ-ပြင်စည်-စကားအင်း အပိုင်း ၄၈ မိုင် ငါးဖာလုံ အပိုင်းအား ကွန်ကရစ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီး ဦးခင်မောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့☆**

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောက်လုပ်သည့် မြောက်ယမားချောင်းတံတားသည် တံတားအရှည်ပေ ၁၂၈၀၊ ယာဉ်သွားလမ်းအကျယ် ၁၀ပေ၊ တံတားအမျိုးအစား ဘိုးပိုင်အုတ်မြစ် သံကူကွန်ကရစ် D/S ဘေလီ ခုနစ်ခန်း၊ S/S ဘေလီ ၁၂ ခန်းပါ သစ်သားကြမ်းခင်း အမျိုးအစားဖြစ်ပြီး ခွင့်ပြုယာဉ် အလေးချိန် ၁၃ တန်ဖြစ်။**

☆ စာမျက်နှာ ၃ မှ

ဆက်လက်၍ ဝန်ကြီးချုပ်သည် မော်တော်ယာဉ်ဖြင့်ထွက်ခွာခဲ့ပြီး အမြန်လမ်းမကြီး နေပြည်တော်-မန္တလေးလမ်းပိုင်းကို ကြည့်ရှုစစ်ဆေးကာ မိုင်တိုင်အမှတ်(၂၄၂/၄)အနီးရှိ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး၏ ရင်ခတ်ကုန်း ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးစိုးစည်နှင့် ဒုတိယဗိုလ်မှူးကြီးမြင့်ဦးတို့က စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက တာဝန်ယူဖောက်လုပ်သည့် ပန်းတင်-ပေပင်လေး-ကူကွဲရွာအပိုင်း ၈၃ မိုင်အား ကွန်ကရစ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်သည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ်(၂၂၅)အနီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ နေပြည်တော် သရက်သီးဇုန် အကောင်အထည်ဖော်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက စိန်တလုံးသရက်ဇုန် ဆောင်ရွက်မည့် မြေဧရိယာ၊ သရက်စိုက်ပျိုးရန် သင့်လျော်ကြောင်း မြေစမ်းသပ်ရရှိမှု အခြေအနေ၊ မြေအောက်ရေရရှိနိုင်သည်သာမက လျှိုပိတ်ဆည်များ ဆောင်ရွက်ခြင်းဖြင့် ရေရရှိနိုင်မည့် အခြေအနေ၊ သရက်ကြိုက်နှစ်သက်သော ပတ်ဝန်းကျင် အခြေအနေများ၊ စိုက်ပျိုးမှုစနစ်၊ အသီးခံယူခြင်း၊ အသီးပြုစုခြင်းနှင့် အသီးဆွတ်ခူးခြင်းတို့ကို စနစ်တကျဆောင်ရွက်ရမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးသူများ မျိုးမှန်ရရှိရေးနှင့် မြေပြုပြင်မှု၊ စိုက်ပျိုးပြီး ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ နည်းပညာများကို ကူညီဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ဆားလင်းကြီးမြို့နယ် ကျောက်မျက်ကျေးရွာအနီးရှိ ညောင်ပင်ကြီး လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ပေကျင်းမြို့၌ ကြည့်ရှုလေ့လာ

နေပြည်တော် ဇူလိုင် ၁၂

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၅ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။**

အတွင်းရေးမှူး(၁)နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်သူ့ခန်းမဆောင်ကြီး(Great Hall)သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် ပြည်သူ့ခန်းမဆောင်ကြီးအတွင်းရှိ ခေါင်းဆောင်ကြီး မော်စီတုံး ဇာတိနယ်မြေဖြစ်သည့် ဟူနန်(HUNAN) ပြည်နယ်ခန်းမ၊ Great Hall အတွင်းရှိ ခန်းမဆောင်များကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား အစည်းအဝေးခန်းမဆောင်ကြီး၌ ပြည်သူ့ခန်းမဆောင် သုတေသနဌာနမှ ဒုတိယဥက္ကဋ္ဌ မစ္စတာကော်ကျူးရင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ကွန်ဂရက်၏ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က သိရှိလိုသည်များကို ပြန်လည် ဆွေးနွေးမေးမြန်းခဲ့သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေ ၄နာရီတွင်ပြည်သူ့ခန်းမဆောင်ကြီးမှပြန်လည်ထွက်ခွာသွားကြသည်။

ထို့အတူ အတွင်းရေးမှူး(၁)နှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ပေကျင်းမြို့ မီးရထားဘူတာရုံကြီးသို့ သွားရောက်ကြည့်ရှုလေ့လာကြပြီးအဆင့်မြင့် မြန်နှုန်းမြင့် ရထားဖြင့် တီယန်ကျင်းမြို့သို့ စီးနင်းလိုက်ပါ လေ့လာခဲ့ကြသည်။

**ကြည့်ရှုလေ့လာ**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အဖွဲ့ ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီးအတွင်း ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

**ရှင်းလင်းတင်ပြ**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား ပေကျင်းမြို့ ဘူတာကြီး၌ တာဝန်ရှိသူများက ပေကျင်းဘူတာရုံ ပုံစံဒီဇိုင်းများကို ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

အတွင်းရေးမှူး(၁)နှင့် ချစ်ကြည်ရေးအဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုလိုက်ပါလျက် ဇူလိုင် ၆ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ပေကျင်းမြို့တောင်ဘက် ဘူတာကြီးသို့ ရောက်ရှိကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လျိုကျစ်ကျွင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ပေကျင်းဘူတာရုံ ပုံစံရေးဆွဲသည့် ပညာရှင် မစ္စတာ Zhen Jianတို့က ပေကျင်းဘူတာရုံ ပုံစံဒီဇိုင်းများဖြင့် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပေကျင်းမြို့မှ တီယန်ကျင်းမြို့သို့ အဆင့်မြင့် မြန်နှုန်းမြင့် ရထားဖြင့် သွားရောက်ခဲ့ကြကာ တီယန်ကျင်းမြို့ ဘူတာရုံကို ကြည့်ရှုလေ့လာကြပြီး အဆိုပါရထားဖြင့် ပေကျင်းမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။ (သတင်းစဉ်)

❋ ကျောဖုံးမှ

အတွင်းရေးမှူး(၁)နှင့် ကိုယ်စားလှယ်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ လီခချန်က ကျုံးနန်ဟိုင် ခန်းမမှ ကြိုဆိုနှုတ်ဆက်သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးမြင့်၊ ဦးမောင်မြင့်နှင့် ဦးလှသိန်းဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ လီခချန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆွေတန်းခိုင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် ဒုတိယဝန်ကြီးချုပ်တို့သည် အပြန်အလှန်နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး နှစ်နိုင်ငံခေါင်းဆောင်ကြီးများအချင်းချင်း အပြန်အလှန် နှုတ်ခွန်းဆက်သမှုများကိုလည်း အသိပေးပြောကြားကြသည်။

ထို့အပြင် နှစ်နိုင်ငံခေါင်းဆောင်ကြီးများ ချစ်ကြည်ရေးခရီးများ အပြန်အလှန်သွားရောက်ခဲ့ကြစဉ်က ချုပ်ဆိုခဲ့ကြသော စာချုပ်ပါလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ဆောင်ရွက်ရန်ကျန်ရှိနေသေးသည့် ကိစ္စရပ်များအတွက် ဆက်လက် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရေး၊ ထပ်မံဆောင်ရွက်ကြမည့် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံသံတမန်ထူထောင်ခဲ့သည့် နှစ်ပေါင်း(၆၀)အတွင်း နှစ်နိုင်ငံခေါင်းဆောင်ကြီးများ၏ ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ရလဒ်များ၊ နှစ်နိုင်ငံစီးပွားရေး၊ လူမှုရေး အပါအဝင် ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများသည် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု အဆင့်သစ်သို့ ရောက်ရှိနေမှု အခြေအနေများကို ဆွေးနွေးကြသည်။

ဆက်လက်၍ နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ရေအားလျှပ်စစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို အမြင်ချင်းဖလှယ်ကြသည်။

ထို့အပြင် နိုင်ငံတကာ မျက်နှာစာတွင် အပြန်အလှန် ရပ်တည်အထောက်အကူပြုမှုများနှင့် အနာဂတ်ကာလတွင် နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းလာစေရေးအတွက် ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးခဲ့ကြပြီး ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့သည် ခေတ္တတည်းခိုသည့် ကျောက်ယူထိုင်နိုင်ငံတော် ဧည့်ဂေဟာသို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

(သတင်းစဉ်)

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအဖွဲ့ရုံး ကျုံးနန်ဟိုင်ဧည့်ဂေဟာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် မစ္စတာလီခချန်က ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် မစ္စတာ လီချန်ချွင်းနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၂

**ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ဇူလိုင် ၅ ရက် ညနေ ၆ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် မစ္စတာ လီချန်ချွင်း (H.E. Mr. Li Chang Chun)နှင့် ကျောက်ယူထိုင် နိုင်ငံတော် ဧည့်ဂေဟာအတွင်းရှိ ဝမ်လျှိုထန်းခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။**

အဆိုပါ တွေ့ဆုံပွဲ အခမ်းအနားသို့ အတွင်းရေးမှူး(၁)နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးမြင့်နှင့် ဦးမောင်မြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့အတူ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် မစ္စတာလီချန်ချွင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာလီကျင်းကျောက်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံခေါင်းဆောင်ကြီးများ ချစ်ကြည်ရေးခရီးများ အပြန်အလှန် သွားရောက်လည်ပတ်ခဲ့ကြပြီး နှစ်နိုင်ငံခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားစွာဖြင့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုစိတ်ဓာတ်ကို ခိုင်မြဲတိုးတက်စေရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၌ စွမ်းအင်ကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ရေအားလျှပ်စစ်ကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ စသည့်ကဏ္ဍစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု၊ နှစ်နိုင်ငံသံတမန်ဆက်သွယ်မှု ထူထောင်ခဲ့ကြသည့် နှစ်ပေါင်း(၆၀)အတွင်း နှစ်နိုင်ငံဆက်ဆံရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် မစ္စတာလီချန်ချွင်းတို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာအတွင်းရှိ ဝမ်လျှိုထန်းခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြစဉ်။**

(သတင်းစဉ်)

## ဂုဏ်ပြုညစာတည်ခင်း

ဆွေးနွေးပွဲအပြီးတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် မစ္စတာလီချန်ချွင်းက အတွင်းရေးမှူး(၁)နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဝမ်လျှိုထန်းခန်းမဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

## ကြိုဆိုနှုတ်ဆက်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် မစ္စတာလီချန်ချွင်းက ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၂-၇-၂၀၁၀)

| | | | | |
|---|---|---|---|---|
| နေပြည်တော်ပျဉ်းမနား | ၂ | ဒသမ | ၈၀ | လက်မ |
| နေပြည်တော်လယ်ဝေး | ၂ | ဒသမ | ၇၆ | လက်မ |
| နေပြည်တော်(ရေဆင်း) | ၁ | ဒသမ | ၅၇ | လက်မ |
| မောင်တော | ၆ | ဒသမ | ၂၁ | လက်မ |
| မြောက်ဦး | ၅ | ဒသမ | ၀၄ | လက်မ |
| သံတွဲ | ၄ | ဒသမ | ၆၀ | လက်မ |
| ကျောက်တော် | ၄ | ဒသမ | ၅၇ | လက်မ |
| တောင်ကုတ် | ၄ | ဒသမ | ၃၇ | လက်မ |

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ ဗုဒ္ဓစွယ်တော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် ဇူလိုင် ၁၂

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို လိုက်ပါလျက် ဇူလိုင်၆ရက် နံနက် ၉နာရီ ၄၅မိနစ်တွင် ပေကျင်းမြို့ BA DA CHU ဥယျာဉ်ရှိ ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်စံပယ်တော်မူသည့် Ling Guang Si Buddhist Temple သို့ ရောက်ရှိကြရာ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် တရုတ်ဗုဒ္ဓဘာသာအသင်းမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။**

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား တရုတ်ဗုဒ္ဓဘာသာ အသင်းသား၊ အသင်းသူများက ဂုဏ်ပြုဧည့်ကြို ဓမ္မတေးသံသာများဖြင့် တီးမှုတ်ကြိုဆိုကြသည်။

**ဖူးမြော်ကန်တော့**

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆရာတော်ချန်ဇန့် အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကန်တော့ကြသည်။

ဆက်လက်၍ အတွင်းရေးမှူး (၁)နှင့်အဖွဲ့ဝင်များသည် စွယ်တော်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ကျောင်းထိုင်ဆရာတော်ကြီးက အတွင်းရေးမှူး (၁)နှင့်အဖွဲ့ဝင်များအား ဓမ္မလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အတွင်းရေးမှူး (၁)နှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်စံပယ်တော်မူသည့် ဂန္ဓကုဋိတိုက်သို့ရောက်ရှိကြပြီး ဗုဒ္ဓစွယ်တော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

**ပြန်လည်ထွက်ခွာ**

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံမှ လှူဒါန်းထားသည့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြပြီး နံနက် ၁၀နာရီ ၂၅မိနစ်တွင် ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ စွယ်တော်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ချန်ဇန့် အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကန်တော့ကြစဉ်။** (သတင်းစဉ်)

## ဗုဒ္ဓစွယ်တော်မြတ် ဖူးမြော်ကြည်ညို

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ပေကျင်းမြို့ BA DA CHU ဥယျာဉ်ရှိ ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်စံပယ်တော်မူသည့် ဂန္ဓကုဋိတိုက်၌ ဗုဒ္ဓစွယ်တော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။** (သတင်းစဉ်)

## မြန်နှုန်းမြင့် ရထား

**ပေကျင်းမြို့ ဘူတာကြီး၌ အဆင့်မြင့် မြန်နှုန်းမြင့် ရထားတစ်စင်းကို တွေ့ရစဉ်။** (သတင်း စာမျက်နှာ-၄)

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၃-၇-၂၀၁၀ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိုင်းဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅း၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀ ၁၃။ အောင်မြင်ခြင်းလမ်းမ
၆း၄၀ ၁၄။ အကြင်နာလက်တစ်စုံ
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လေဟုန်ခွင်းတဲ့ သူရဲကောင်း (အပိုင်း- ၃၀)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မွေးမြူသုတ
၂၁။ ဟာသရုပ်စုံ -ရိုးရာဓလေ့ စိစိအဖွဲ့နှင့် ရွှေသွေးအဖွဲ့ (ဒါရိုက်တာ- ဖုန်းမြင့်အောင်)
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လရောင်ဆမ်းတဲ့ ဒဏ္ဍာရီ (အပိုင်း-၁၉)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိုင်းဆက်စကား
၂၆။ ပြီးပါပြီ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ BA DA CHU ဥယျာဉ်ရှိ ဗုဒ္ဓစွယ်တော်မြတ်အား ဖူးတွေ့ရစဉ်။ *သတင်း-စာမျက်နှာ(၆)*
(သတင်းစဉ်)

## လှူဖွယ်ပစ္စည်းဆက်ကပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး စွယ်တော်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ *သတင်း-စာမျက်နှာ(၆)*
(သတင်းစဉ်)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများအား တွေ့ဆုံမှာကြား

နေပြည်တော် ဇူလိုင် ၁၂

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ဇူလိုင် ၅ ရက် ညပိုင်းတွင် ပေကျင်းမြို့ရှိ ပြည်ထောင်စု မြန်မာနိုင်ငံသံရုံးသို့ သွားရောက်၍ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများနှင့် ပညာတော်သင်များအား တွေ့ဆုံအမှာစကား ပြောကြားသည်။**

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်း၊ မြန်မာနိုင်ငံ သံအမတ်ကြီး၊ သံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများ၊ ပညာတော်သင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အတွင်းရေးမှူး(၁)က မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်ကြီးများ အပြန်အလှန်အလည်အပတ် သွားရောက်ခဲ့ကြပြီး နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်မှုအခြေအနေ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ သံတမန် ဝန်ထမ်းများအနေဖြင့် သံတမန်ကျင့်ဝတ်စည်းကမ်းများ လေးစားလိုက်နာရေး၊ မိမိတို့ရောက်ရှိတာဝန်ထမ်းဆောင်နေသည့် နိုင်ငံ၏ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများ ထိန်းသိမ်းလိုက်နာရေး၊ နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းရေးနှင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေးတို့အတွက် အမြဲအလေးထားဆောင်ရွက်ရေး၊ ပြည်ပရောက် မိမိနိုင်ငံသားများအား ကူညီစောင့်ရှောက်ပေးရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် မှာကြားခဲ့သည်။ (သတင်းစဉ်)

## တွေ့ဆုံမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ပြည်ထောင်စု မြန်မာနိုင်ငံသံရုံး၌ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများနှင့် ပညာတော်သင်များအား တွေ့ဆုံမှာကြားစဉ်။
(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၃-၇-၂၀၁၀ (အင်္ဂါနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+
မေတ္တာသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ "သောကကင်းဝေးနေနိုင်ရေး"
တရားတော်
(အောင်စကြာဆရာတော်
အရှင်စန္ဒသိရီ)
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"ပြောင်းလဲမရတဲ့အချစ်"**
**(အပိုင်း-၄၅)**
၈း၃၀ Sports World
(Player's Live)
၈း၅၅ ပဲခူးတိုင်းအတွင်း မိုးစပါးစိုက်ပျိုးမှု
အတွက် IBTC မှ
၉း၁၀ Activities In The City
- BDA နှင့် ASEAN တို့
ပူးပေါင်းသည့်ကွမ်းခြံကုန်းမြို့
ASEAN Project
- MOE Z ၏
"ဒီနေ့နဲ့မနက်ဖြန်"
တေးစီးရီးမိတ်ဆက်ပွဲ
၉း၅၀ Cartoon Show Time
(DELGO)
၁၀း၃၀ မြင်ကွင်းထဲမှ ရိုက်ချက်များ
၁၀း၄၀ သင်ကြားရေးလမ်းညွှန်
(Millennia Aikido Dojo)
၁၁း၀၀ ဘေးကင်းရန်ကျော်
မြတ်စေတီတော်
ဌာပနာပိတ်ပွဲမင်္ဂလာ
၁၁း၁၅ Sports Diary
၁၁း၄၀ UV Protected Fiber Glass
သံလိုက်ခြင်ဆန်ခါ
၁၁း၅၅ ရန်ကုန်မြင်ကွင်းကျယ်
(Agel ထုတ်ကုန်နှင့်
အခွင့်အလမ်းမိတ်ဆက်ပွဲ)
၁၂း၁၀ မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေး
ဥယျာဉ်မှာ ပန်းလှရောင်စုံဖြာ
၁၂း၂၀ ကလေးများအတွက် ပါးစပ်ထဲမှ
သွားကလေးများအကြောင်း
သိကောင်းစရာ
(ဒေါက်တာမိုလာ)
၁၂း၄၀ မြန်မာ့လှေလှော်အားကစား
၁၂း၅၅ မင်းမသိသေးပါဘူးကွာ
(ဧရာ၊ ငှက်ပျောကြော်၊
ကြူကြူသင်း၊ အေးအေးခိုင်)
(ဒါရိုက်တာ-ဆွေဇင်ထိုက်)
၁း၀၀ "သောကကင်းဝေးနေနိုင်ရေး"
တရားတော်
(အောင်စကြာဆရာတော်
အရှင်စန္ဒသိရီ)
၂း၀၀ MRTV-4 သတင်း
၂း၄၅ Zaw Win Htut Emperor
25th Anniversary Live
Show (Part-2)
၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"ပြောင်းလဲမရတဲ့အချစ်"**
**(အပိုင်း-၄၅)**
၄း၀၅ ပဲခူးတိုင်းအတွင်း မိုးစပါးစိုက်ပျိုးမှု
အတွက် IBTC မှ
၄း၃၅ Activities In The City
- BDA နှင့် ASEAN တို့
ပူးပေါင်းသည့်ကွမ်းခြံကုန်းမြို့
ASEAN Project
- MOE Z ၏
"ဒီနေ့နဲ့မနက်ဖြန်"
တေးစီးရီးမိတ်ဆက်ပွဲ
၅း၁၅ မြင်ကွင်းထဲမှ ရိုက်ချက်များ
၅း၃၀ ရန်ကုန်မြင်ကွင်းကျယ်
(ထိုင်းနိုင်ငံပီရာဝေ့ဆေးရုံကြီး၏
မြန်မာပြည်ကိုယ်စားလှယ်ရုံးခွဲ
ဖွင့်ပွဲ)
၅း၄၅ Celebrity Style
(ဆုပန်ထွာ)
၆း၀၀ MRTV-4 သတင်း
၆း၂၀ သင်ကြားရေးလမ်းညွှန်
(Millennia Aikido Dojo)
၆း၃၅ ရန်ကုန်မြင်ကွင်းကျယ်
(Agel ထုတ်ကုန်နှင့်
အခွင့်အလမ်းမိတ်ဆက်ပွဲ)
၆း၄၅ မြန်မာ့လှေလှော်အားကစား
၇း၀၀ Zaw Win Htut Emperor
25th Anniversary Live
Show (Part-2)
၈း၀၀ MRTV-4 သတင်း
၈း၃၀ World Of Knowledge
(Inside; Sumo Kids)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"ပြောင်းလဲမရတဲ့အချစ်"**
**(အပိုင်း-၄၅)**
၁၀း၀၀ Sunday Talk
၁၀း၅၀ Cartoon Show Time
(DELGO)
၁၁း၃၀ Celebrity Style
(ဆုပန်ထွာ)
၁၁း၄၅ ဘေးကင်းရန်ကျော်
မြတ်စေတီတော်
ဌာပနာပိတ်ပွဲမင်္ဂလာ
၁၂း၀၀ ထူးခြားသွင်ပြင်
သတ္တုပန်းပုရုပ်သွင်
၁၂း၁၅ မြန်မာစာသုံးဖို့မြန်မာယူနီကုဒ်
ပရိုဂရမ်များ
၁၂း၃၀ ခလေ့ရိုးရာရှမ်းရွာကလေးများ
၁၂း၄၀ ကဏ္ဍစုံလင်အားကစား
အစီအစဉ်
၁း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများက လာရောက်တွေ့ဆုံ ဂါရဝပြု

နေပြည်တော် ဇူလိုင် ၁၂

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား ဇူလိုင် ၅ ရက်တွင် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အမှတ်(၁၂)တည်းခိုဆောင် ဧည့်ခန်းမဆောင်၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကုမ္ပဏီများက လာရောက်တွေ့ဆုံ ဂါရဝပြုကြသည်။**

ရှေ့ဦးစွာ နံနက် ၉ နာရီတွင် China Development Bank မှ ဒုတိယဥက္ကဋ္ဌ မစ္စတာကောင်းကျန်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များက လာရောက်တွေ့ဆုံဂါရဝပြုကြသည်။ ယင်းတို့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုလည်း တက်ရောက်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးမောင်မြင့်နှင့် ဦးလှသိန်းဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးဦးသိန်းလွင်၊နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးနေအေးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် နှစ်နိုင်ငံအကျိုးတူစီးပွားရေး ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကိုဆွေးနွေးကြသည်။

ယင်းနောက် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် China National Aero- Technology Import & Export Corp. ( CATIC) ဥက္ကဋ္ဌ မစ္စတာမာကျေးဖျင်နှင့် ကိုယ်စားလှယ်အဖွဲ့များက လာရောက်တွေ့ဆုံဂါရဝပြုကြသည်။ ယင်းတို့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုလည်း တက်ရောက်သည်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အမှတ်(၁၂) တည်းခိုဆောင် ဧည့်ခန်းမဆောင်၌ China Development Bank မှ ဒုတိယဥက္ကဋ္ဌ မစ္စတာကောင်းကျန်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

## ဆွေးနွေး

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် လေကြောင်း ပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့အတူ နံနက် ၁၁ နာရီတွင် China Power Investment Co., Ltd. (CPI) ဥက္ကဋ္ဌ မစ္စတာလုချီကျိုးနှင့် ကိုယ်စားလှယ်များက လာရောက်တွေ့ဆုံ ဂါရဝပြုကြသည်။ ယင်းတို့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုလည်း တက်ရောက်သည်။

အဆိုပါ တွေ့ဆုံပွဲတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရေအားလျှပ်စစ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

## ဂါရဝပြု

အလားတူ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် China National Petroleum Corp. (CNPC) မှ အထွေထွေမန်နေဂျာ မစ္စတာကျန်ကျီမြင်နှင့် ကိုယ်စားလှယ်များက လာရောက်တွေ့ဆုံဂါရဝပြုကြသည်။ ယင်းတို့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုလည်း တက်ရောက်သည်။

## စွမ်းအင်ဆိုင်ရာ

အဆိုပါ တွေ့ဆုံပွဲတွင် နှစ်နိုင်ငံ စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်း တွေ့ဆုံဂါရဝပြုပွဲများသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

## လာရောက်တွေ့ဆုံ

ထို့အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား ဇူလိုင် ၆ ရက် မွန်းလွဲ ၂ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ The Export- Import Bank of China (EXIM) ဥက္ကဋ္ဌ မစ္စတာလီရော့ကူနှင့် ကိုယ်စားလှယ်အဖွဲ့က လာရောက်တွေ့ဆုံ ဂါရဝပြုကြသည်။ ယင်းတို့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုလည်း တက်ရောက်သည်။

## တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးမြင့်၊ ဦးမောင်မြင့်နှင့် ဦးလှသိန်းဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးနေအေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ အကျိုးတူ စီးပွားရေးပူးပေါင်း ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

(သတင်းစဉ်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား ကျောက်ယူထိုင် နိုင်ငံတော် ဧည့်ဂေဟာ အမှတ်(၁၂) တည်းခိုဆောင် ဧည့်ခန်းမဆောင်၌ China National Aero-Technology Import & Export Corp. ( CATIC) မှ ဥက္ကဋ္ဌ မစ္စတာမာကျေးဖျင်နှင့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား ကျောက်ယူထိုင် နိုင်ငံတော် ဧည့်ဂေဟာ အမှတ်(၁၂) တည်းခိုဆောင် ဧည့်ခန်းမဆောင်၌ China Power Investment Co., Ltd. (CPI) ဥက္ကဋ္ဌ မစ္စတာလုချီကျိုးနှင့် ကိုယ်စားလှယ်များ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား ကျောက်ယူထိုင် နိုင်ငံတော် ဧည့်ဂေဟာ အမှတ်(၁၂) တည်းခိုဆောင် ဧည့်ခန်းမဆောင်၌ China National Petroleum Corp. (CNPC) မှ အထွေထွေမန်နေဂျာ မစ္စတာကျန်ကျီမြင်နှင့် ကိုယ်စားလှယ်များ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

# အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၊ စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးတို့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၂

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလှည့်လည်ရန် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၊ စီးပွားရေး ဝန်ကြီးဌာန ဝန်ကြီးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးတို့သည် ဇူလိုင် ၄ ရက်နှင့် ၆ ရက်တို့တွင် အသီးသီးလာရောက်တွေ့ဆုံကြသည်။**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလျိုကျစ်ကျွင်း (H.E.Mr. Liu Zhijun)သည် ဇူလိုင် ၄ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် ခေတ္တတည်းခိုသည့်ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာရှိ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလျိုကျစ်ကျွင်းနှင့် အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လျိုကျစ်ကျွင်း ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော် ဧည့်ဂေဟာဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

ထိုသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံ၏ ရထားပို့ဆောင်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရထားပို့ဆောင်ရေးကဏ္ဍတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ချန်ဒေမျင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

ထို့အတူ အတွင်းရေးမှူး(၁)သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ချန်ဒေမျင်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဇူလိုင် ၆ ရက် နံနက် ၈ နာရီတွင် အလုပ်သဘော နံနက်စာ သုံးဆောင်စဉ် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးကြသည်။ အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီရှန်လင်နှင့် အဖွဲ့သည် ဇူလိုင် ၆ ရက် မွန်းတည့် ၁၂ နာရီတွင် အတွင်းရေးမှူး(၁)အား လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲများသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမောင်မြင့်နှင့် ဦးလှသိန်းဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လီရှန်လင်နှင့်အဖွဲ့ ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာဧည့်ခန်းမ၌ လာရောက် တွေ့ဆုံစဉ်။** (သတင်းစဉ်)

## လာရောက်တွေ့ဆုံ

ထို့အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား ဇူလိုင် ၆ ရက် မွန်းလွဲ ၂ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ The Export- Import Bank of China (EXIM) ဥက္ကဋ္ဌ မစ္စတာလီရော့ကူနှင့် ကိုယ်စားလှယ်အဖွဲ့က လာရောက်တွေ့ဆုံ ဂါရဝပြုကြသည်။ ယင်းတို့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုလည်း တက်ရောက်သည်။

## တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးမြင့်၊ ဦးမောင်မြင့်နှင့် ဦးလှသိန်းဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဉက္ကဋ္ဌ ဦးနေအေး နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ အကျိုးတူ စီးပွားရေးပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား ကျောက်ယူထိုင် နိုင်ငံတော် ဧည့်ဂေဟာ အမှတ်(၁၂) တည်းခိုဆောင် ဧည့်ခန်းမဆောင်၌ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ The Export- Import Bank of China (EXIM) ဥက္ကဋ္ဌ မစ္စတာလီရော့ကူနှင့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အင်္ဂလိပ်စကားပြောသင်တန်း(၁/၂၀၁၀)ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး အရာထမ်း၊ အမှုထမ်းများ၏ အင်္ဂလိပ်စကားပြော သင်တန်း (၁/၂၀၁၀) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ရှင်းလင်းပြောကြား

အခမ်းအနားတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဆရာမိုး(Follow me)နှင့် ဦးဝင်းသိန်း၊ ဒုတိယ ရေကြောင်း ဌာနမှူးချုပ်တို့က အင်္ဂလိပ်စကားပြောသင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

အဆိုပါသင်တန်းကို လေးလတာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ချစ်ကြည်ရေးခရီးလည်ပတ်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် မစ္စတာလီခချန်(H.E. Mr. Li Keqiang)၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေး ခရီးလည်ပတ်ရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးမြင့်၊ ဦးမောင်မြင့်နှင့် ဦးလှသိန်းဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၄ ရက်တွင် ရန်ကုန်မြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၅၀ တွင် ရောက်ရှိသည်။

**ကြိုဆို**

အတွင်းရေးမှူး(၁)နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပို၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် မြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ မိသားစုများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ညနေ ၆ နာရီ မိနစ် ၂၀ တွင် ခေတ္တတည်းခိုမည့် ကျောက်ယူထိုင်နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

# ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၁၂**

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၂၅)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉) လမ်းထောင့် Central တာဝါ ပထမထပ်ရှိ Swe Sone Media Group မှတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "မြန်မာနှင့် ဘင်္ဂလား ဒေ့ရှ် ရထားလမ်း စတင်ဖောက်လုပ်ပြီ၊ မြန်မာအစ မြန်မာက ဖြစ်ကြောင်း သက်သေပြရန် မြန်မာနှင့် နိုင်ငံတကာ ရှေးဟောင်းသုတေတသနပညာရှင်များ ပူးပေါင်းဆောင်ရွက်၊ ကော့မှူးမြို့နယ်အတွင်း လေဆင်နှာမောင်းကြောင့် လူ ၂၃၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်၊ ရန်ကုန်တိုင်းအတွင်းရှိ လမ်းနှင့်တံတားများကို ပုဂ္ဂလိကသို့ BOT စနစ်ဖြင့် နှစ် ၄၀ ကြာလွှဲပြောင်း၊ ဟင်္သာတမြို့နယ် ဒူးယားစံပြကျေးရွာသို့ တောဆင်ရိုင်းများ ဝင်ရောက်၊ နိုင်ငံတကာမှ နှစ်သက်ရာ ပစ္စည်းများကို အွန်လိုင်းမှတစ်ဆင့် မှာယူနိုင်မည်၊ ပြည်ပရောက် မြန်မာများ အွန်လိုင်းမှတစ်ဆင့် ထီထိုးနိုင်ပြီ၊ ကျပ်နှစ်သိန်းတန်ဖုန်းများ ချထားပေးမည်ဆိုသည့်သတင်း မမှန်ကန်၊ အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်းပြောင်းရွှေ့ရတော့မည်ဆိုသည်မှာ ကောလာဟလသာဖြစ်၊ မီးသင့်မင်္ဂလာဈေးဆိုင်ခန်းပိုင်ရှင်များ ရန်ကုန်စည်ပင်ဘဏ်မှ ငွေချေးရန် ကျပ်သိန်း ၁၂၀၀၀ ကျော်ရှိ၊ တစ်နှစ်လျှင် နှစ်မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဆိုလာပြားစက်ရုံ စက်တင်ဘာလတွင် လည်ပတ်မည်၊ အသစ်ဖွင့်မည့် ပုဂ္ဂလိကဘဏ်အချို့ Debit ကတ်များသုံးနိုင်ရန် စီစဉ်၊ အမေရိကန်နိုင်ငံတွင် ကျင်းပမည့် မြန်မာ့ရုပ်ရှင်ပွဲတော်တွင် မြန်မာရုပ်ရှင်ကားကြီးနှစ်ကားပြသမည်။ ပြည်တွင်း၌ ကွယ်လွန်သူ သဘော်သားများ အာမခံ လျော်ကြေးအပြည့်ရရန် ဥပဒေပြင်ဆင်၊ အရှင်ဆန္ဒာဓိက ကျန်းမာရေးစစ်ဆေးမှုခံယူရန် အမေရိကန်သို့ ကြွခြင်းဖြစ်သည်ဟုဆို၊ စင်ကာပူ ယာဉ်မောင်းလိုင်စင်စာမေးပွဲ အောင်မြင်ရန်အတွက် မြန်မာနိုင်ငံတွင် ပထမဆုံးသင်တန်းဖွင့်မည်၊ ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲ၏ ထူးခြားသော မှတ်တမ်းများ၊ မိုးပျံကားများကို စီးပွားဖြစ် ထုတ်လုပ်ရောင်းချတော့မည်၊ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ကို ၂၄ နာရီကြာ ပထမဆုံး စမ်းသပ်ပျံသန်း၊ မိုဘိုင်းဖုန်း အားသွင်းနိုင်သောဘောလုံး ထုတ်လုပ်၊ တရုတ်နိုင်ငံအရှေ့ပိုင်းတွင် ပန်းကန်ပြားပျံက လေကြောင်းလမ်းကို နှောင့်ယှက်ခဲ့၊ ၁၅ နှစ်ကြာ ခြေထောက်များ ရှေ့နောက်ပြောင်းပြန်လိမ်နေသည့် အမျိုးသမီးကို အောင်မြင်စွာခွဲစိတ်ကုသ၊ အီတလီက အကြွေး ပြဿနာဖြေရှင်းရန် နိုင်ငံပိုင်အဆောက်အအုံ၊ အပန်းဖြေစခန်းနှင့် ကျွန်းများ ၉၀၀၀ ခန့်ကို ရောင်းချမည်၊ မော်တော်ယာဉ်တိမ်းမှောက်ပြီး ယူရိုငွေ နှစ်သန်း လမ်းပေါ်ပြန့်ကျဲသွား၊ ကမ္ဘာ့ပထမဆုံး လိင်မရှိသူအဖြစ် တရားဝင် သတ်မှတ်ခံရရန် ထပ်မံတောင်းဆို၊ ကမ္ဘာ့အကြီးဆုံးဖန်လုံအိမ်ကြီးအနီး ကမ္ဘာ့အရှည်ဆုံး ပျော်ပွဲစား စားပွဲတန်းပြုလုပ်၊ ခရစ္စတီယာနိုရိုနယ်ဒို ကလေးအဖေဖြစ်လာသော်လည်း အမေမည်သူမှန်းမသိရ၊ စစ်မြေပြင်၌ အသုံးပြုရန် သွေးအတုများထုတ်လုပ်နိုင်ပြီ၊ သစ်ပင်ပေါ်က ဟိုတယ်ဖွင့်လှစ်. . . "စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ စျေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇူလိုင် ၁၂ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့ သံတမန်ဆက်သွယ်သည့် (၅၅)နှစ်မြောက် အထိမ်းအမှတ်ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံသံအမတ်ကြီး H.E. Mr. Kouily A. SOUPHAKHET ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၁၂**

'ရွေးကောက်ပွဲတွင် အနိုင်ရခြင်း၊ မရခြင်းက ပြဿနာမဟုတ်ဘူး၊ လူထုက ဆုံးဖြတ်တဲ့ ဆုံးဖြတ်ချက်ကို ကျွန်တော်တို့ ကျေကျေနပ်နပ်ခံယူရမှာပါဆိုတဲ့ မြန်မာဒီမိုကရေစီကွန်ဂရက်မှ အထွေထွေအတွင်းရေးမှူးနှင့် တွေ့ဆုံခြင်း'သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၃၆)ကို ယနေ့ဖြန့်ချိလိုက်သည်။

၂၀၁၀ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ (၅)ဖွဲ့ မဟာမိတ်အဖြစ် ပူးပေါင်းမည်၊ မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းနှင့် အာမခံလုပ်ငန်းတွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံခွင့်မရှိ၊ ကျောက်စိမ်းတွဲပေါင်း ၇၀၀၀ ကျော်၊ ယူရိုသန်း ၇၀၀ ကျော် ရောင်းချခဲ့ရသည့် (၄၈)ကြိမ်မြောက် ကျောက်မျက်ပြပွဲ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ မြို့တွင်း ခြောက်မြို့နယ်နှင့် လမ်းဆုံလမ်းခွတို့တွင် လမ်းဘေးဈေးသည်အား ရောင်းချခွင့်မပြု၊ အလတ်စားလုပ်ငန်းငယ်များ လုပ်ငန်းလိုင်စင်သစ် လဲလှယ်လိုပါက ယခင်နှစ်အမြတ်ခွန်အပြင် နောင်နှစ်အတွက် အမြတ်ခွန်ကြိုတင်ပေးဆောင်ရမည်၊ သစ်လုံးတင်ယာဉ်များ ခိုင်ခံ့သောသံကြိုးများ ချည်နှောင်မောင်းနှင်ခြင်းမပြုက ဒဏ်ငွေ သုံးသိန်းပေးဆောင်ရမည်၊ ပွဲစားများကိုယုံမိလို့ ထိုင်းနိုင်ငံတွင် မြန်မာအလုပ်သမားများ အဖမ်းခံရ၊ မြန်မာကွန်ပျူတာအသင်းမှ ရုပ်မြင်သံကြားအစီအစဉ်ထုတ်လုပ်သူများ လေ့ကျင့်ပေးရန်ရှိ၊ ကော့မှူးမြို့နယ်နှင့် ၁၅ မိုင်ခန့်ကွာဝေးသော ကျေးရွာ သုံးရွာတွင် လေဆင်နှာမောင်းတိုက်ခတ်၊ ပုဂ္ဂလိကသို့ ဗိုလ်အောင်ကျော်လမ်းဆိပ်ကမ်းကို လွှဲပြောင်းစတင်လုပ်ကိုင်၊ မင်္ဂလာဈေးကြီး သတ်မှတ်ရက်ပြီးရန် ကျွမ်းကျင်လုပ်သားများခေါ်ယူ၊ ဒေါက်တာအောင်ခင်ဆင့်ရဲ့ ကြွက်ပုလိပ်၊ လူပုလိပ်၊ လိမ်ညာမှုတွေနဲ့ ကြုံတွေ့ခဲ့တဲ့ ပြည်ပကို သွားရောက်လုပ်ကိုင်ခဲ့သော မြန်မာလုပ်သားတစ်ဦးရဲ့ ဖြစ်ရပ်၊ ဈေးကြီးများတွင် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ကိုယ်ပိုင်မီတာများအစား မီတာခွဲများ တပ်ဆင်သုံးစွဲသွားမည်ဖြစ်၊ ဗီယင်နာလေဆိပ်တွင် အမေရိကန်နှင့် ရုရှားတို့ ဖမ်းမိသူလျှိုချင်း အပြန်အလှန်လဲလှယ်၊ ရုရှားသူလျှိုတို့၏ နှစ်ဘဝစံဘဝ၊ ပေါင်စတာလင် ၁၃၂၀၀၀တန် မိုးပျံကားထုတ်လုပ်ခွင့်ရရှိဟုဆို၊ ၁၉၈၈က အမေရိကန်ပစ်ချခဲ့တဲ့ အီရန်ခရီးသည်တင်လေယာဉ်၊ တရုတ်နိုင်ငံတွင် ပန်းကန်ပြားပျံတွေ့ရှိရသဖြင့် လေဆိပ်အား ယာယီပိတ်ပင်စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေ ဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသည်။ (သတင်းစဉ်)

## စာအုပ်စာပေ လူ့မိတ်ဆွေ

## မိုဇမ်ဘစ်နိုင်ငံ ဆေးရုံတစ်ရုံ၌ ပျားများအုံဖွဲ့နေထိုင်မှုကြောင့် လူနာများကြောက်လန့်နေရ

**မာပူတို ဇူလိုင် ၁၂**

ဧရာမ ပျားအုံကြီးတစ်အုံကြောင့် မိုဇမ်ဘစ်နိုင်ငံတောင်ပိုင်း နမ်ပူလာဒေသရှိ ဆေးရုံတစ်ရုံမှ လူနာများ စိုးရိမ်ထိတ်လန့်နေရကြောင်း မိုဇမ်ဘစ်အစိုးရသတင်းစာများက တနင်္လာနေ့တွင် ဖော်ပြသည်။

ယင်းပျားများသည် မိုနာပိုအမည်ရှိ ဆေးရုံအတွင်းသို့ ကျူးကျော်ဝင်ရောက်အုံဖွဲ့နေထိုင်လျက် ရှိနေသောကြောင့် ယင်းဆေးရုံအတွင်းသို့ လူနာများနှင့် ဆေးရုံဝန်ထမ်းများ ဝင်ရောက်ရန်ပင် ခက်ခဲနေကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က ကလေးတစ်ဦး အပါအဝင် လူနှစ်ဦးကို ယင်းပျားများ က အဆက်မပြတ်တုပ်ခဲ့၍ သေဆုံးခဲ့ရကြောင်း သတင်းတွင် ဖော်ပြထားသည်။

နေထိုင်မကောင်းသူများသည် မိုနာပိုဆေးရုံသို့တက်ရောက်ရန် စိုးရွံ့နေကြပြီး ဆေးရုံဝန်ထမ်းများကိုယ်တိုင်လည်း တာဝန်ထမ်းဆောင်ရင်း ပျားတုပ်ခံကြရကြောင်း သိရသည်။ ယင်းပျားအုံကြီးကို အဘယ့်ကြောင့် ဖယ်ရှားခြင်းမရှိသည်ကို မိုဇမ်ဘစ်ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားနိုင်ခြင်းမရှိပေ။ ***အင်တာနက်။***

## ရေဘဝဲကြီးပေါလ် ရှေ့ဖြစ်ဟောဆရာအဖြစ်မှ အနားယူပြီ

ဘာလင် ဇူလိုင် ၁၂

***ရှေ့ဖြစ်ဟောဆရာ ရေဘဝဲကြီးပေါလ်သည် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲ ပွဲစဉ်များကို အောင်မြင်စွာ ခန့်မှန်းပေးပြီးနောက် အနိုင်ပိုင်းကာ အလုပ်မှ အနားယူတော့မည်ဖြစ်ကြောင်း ဇူလိုင် ၁၂ ရက် သတင်းများတွင် ဖော်ပြသည်။***

***ပေါလ်သည် ရှေ့ဖြစ်ဟောအလုပ်မှ အနားယူပြီးနောက် ၎င်း၏ မူလလုပ်ငန်းဖြစ်သော ကလေးများကို ပျော်တော်ဆက်သည့် အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်မည်ဖြစ်ကြောင်း ဂျာမန်အက္ကွာဝါပြတိုက်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။***

***ပေါလ်သည် စပိန်နှင့်နယ်သာလန် ဗိုလ်လုပွဲစဉ်အပါအဝင် ဂျာမနီအသင်း၏ ပွဲစဉ်အားလုံးကို မှန်ကန်စွာ ခန့်မှန်းပေးခဲ့သည်။ ယင်းအတွက်ကြောင့် ၎င်းအား ဂုဏ်ပြုသည့်အနေဖြင့် ကမ္ဘာ့ဖလားနှင့် ပုံတူဆုဖလားတစ်ခုကို ဂုဏ်ပြုပေးအပ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။***

***အလားတူ ရေဘဝဲကြီးပေါလ်ကို စပိန်လုပ်ငန်းရှင်တစ်ဦးက စတာလင်ပေါင် ၃၈၀၀၀ ပေး၍ ဝယ်ယူမွေးမြူရန် ကမ်းလှမ်းခဲ့သော်လည်း ဂျာမန်အက္ကွာဝါပြတိုက်က ငြင်းဆန်ခဲ့သည်ဟု ဆိုသည်။ သို့ရာတွင် မလိုသူအချို့ကမူ ပေါလ်အား ဂျပန်ရိုးရာပင်လယ်စာဖြစ်သော "ဆူရှီ" ဟင်းလျာအဖြစ် ချက်စားမည်ဟူသော ခြိမ်းခြောက်စာများကို အီးမေးလ်မှတစ်ဆင့် အက္ကွာဝါပြတိုက်သို့ ပို့ခဲ့သည်။*** အင်တာနက်။

## ယူဂန္ဒာတွင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ် ကြည့်ရှုနေကြသူ ပရိသတ်များအကြား ဗုံးများပေါက်ကွဲ

**ကမ်ပါလာ ဇူလိုင် ၁၂**

ယူဂန္ဒာနိုင်ငံ ကမ်ပါလာမြို့တော်၌ ဘောလုံးပရိသတ်များ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ကြည့်ရှုနေစဉ် ဗုံးပေါက်ကွဲမှုနှစ်ရပ် တနင်္လာနေ့က ဖြစ်ပွားခဲ့ရာ သေဆုံးသူ ၇၄ ဦး ရှိခဲ့ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

သတင်းများ၏အဆိုအရ ယင်းဗုံးဖောက်ခွဲမှုများကို အယ်လ်ခိုင်ဒါနှင့် ဆက်နွယ်သော ဆိုမာလီစစ်သွေးကြွ အဖွဲ့တစ်ဖွဲ့က လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ပစ်မှတ်များ**

ဆိုမာလီနိုင်ငံရှိ အာဖရိကသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့သို့ တပ်ဖွဲ့များပေးပို့စေလွှတ်ထားသော ယူဂန္ဒာနှင့် ဘူရွန်ဒီနိုင်ငံများရှိ ပစ်မှတ်များကို တိုက်ခိုက်ရန် ဆိုမာလီစစ်သွေးကြွအုပ်စု အယ်လ်ရှာဘတ်က စစ်သွေးကြွများကို တိုက်တွန်းခဲ့ပြီး နှစ်ရက်အကြာတွင် ယခုဗုံးပေါက်ကွဲမှုများ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ယင်းတိုက်ခိုက်မှုများကို အယ်လ်ရှာဘတ်အဖွဲ့က လုပ်ဆောင်ကြောင်း အတည်ပြုနိုင်ပါက ဆိုမာလီနိုင်ငံ၏ နယ်နိမိတ်ကို ကျော်လွန်၍ ပထမဆုံး လုပ်ဆောင်သော အယ်လ်ရှာဘတ်အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်လာမည်ဖြစ်သည်။

ဆိုမာလီစစ်သွေးကြွအုပ်စု အယ်လ်ရှာဘတ်ကို အမေရိကန်ပြည်ထောင်စုက အကြမ်းဖက်အဖွဲ့အစည်းတစ်ရပ်အဖြစ် ကြေညာထားသည်။

ကမ်ပါလာမြို့တော်ရဲတပ်ဖွဲ့၏အဆိုအရ ဗုံးပေါက်ကွဲမှုများကြောင့် သေဆုံးသူနှင့် ဒဏ်ရာရရှိခဲ့သူများတွင် အီသီယိုးပီးယား နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ကွန်ဂိုနိုင်ငံများမှ နိုင်ငံသားများလည်းပါဝင်ကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

**တောင်အာဖရိကနိုင်ငံ၌ ကျင်းပသော ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ပရိသတ်များကြည့်ရှုစဉ် ဗုံးပေါက် ကွဲမှု ဖြစ်ပွားခဲ့သော ယူဂန္ဒာနိုင်ငံ ကမ်ပါလာမြို့တော်ရှိ စားသောက်ဆိုင်ကို ဇူလိုင် ၁၂ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# အင်းလေးကန်ဝန်းကျင် ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၂

**အင်းလေးဒေသရှိ လူထုအတွက် ပို၍ စိမ်းလန်းကြွေခိုင်ပြီး ဖွံ့ဖြိုးတိုးတက်သည့် စိတ်ချရသော အနာဂတ်လမ်းစဉ်သို့ ဦးတည်လျက် အင်းလေးကန်ဝန်းကျင် ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရေးဆပ်ကော်မတီဝင်များ၊ စာတမ်းရှင်များ၊ သုတေသီပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ အင်းလေးကန်ဝန်းကျင် ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြသည်။

**အင်းလေးကန်ဝန်းကျင် ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပစဉ်။** (သတင်းစဉ်)

ထို့နောက် နံနက်ပိုင်းတွင် ဆွေးနွေးပွဲကို ကျင်းပရာ တောင်ကြီးတက္ကသိုလ် ဘူမိဗေဒဌာနမှ ပါမောက္ခ(ငြိမ်း) ဦးတင်လှိုင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး FREDA မှ ဒုတိယဥက္ကဋ္ဌ ဦးအုန်းက "Inlay Lake Shan State Myanmar" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြေအသုံးချရေးဌာနခွဲမှ အထွေထွေမန်နေဂျာ ဦးကျော်ရီက "အင်းလေးကန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မင်္ဂလာမြန်မာအဖွဲ့မှ ဒါရိုက်တာ ဒေါ်ယုဇာမော်ထွန်းက "Environmental Conservation and Disaster Risk Reduction (DRR)" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ UNDP မှ လက်ထောက်ဌာနေကိုယ်စားလှယ် ဒေါက်တာမင်းထွဋ်ရင်က "Environmental Sector Activities"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တောင်ကြီးတက္ကသိုလ် ဘူမိဗေဒဌာနမှ ကထိက ဒေါက်တာနှင်းမင်းစိုးက "အင်းလေးကန်ပတ်ဝန်းကျင်ဒေသ၏ ဘူမိဗေဒဆိုင်ရာ ပဏာမလေ့လာခြင်း" ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး နံနက်ပိုင်းအစီအစဉ်များကို မွန်းတည့် ၁၂ နာရီတွင် ရပ်နားလိုက်သည်။

ယင်းနောက် ဆွေးနွေးပွဲ မွန်းလွဲပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ တောင်ကြီးတက္ကသိုလ် သတ္တဗေဒဌာနမှ ပါမောက္ခ ဒေါက်တာနုနုစံနှင့် ရုက္ခဗေဒဌာနမှ ပါမောက္ခ ဒေါက်တာမြင့်မြင့်ခိုင်တို့က သဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး ပြည်နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးစိုင်းကျော်မြင့်က "အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေကောင်းများ ပြန်လည်ဖော်ဆောင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ တင်ပြချက်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ညောင်ရွှေမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ကျော်ဦးက "အင်းလေးကန် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆည်မြောင်းဦးစီးဌာန၏ စီမံခန့်ခွဲမှု" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စိုက်ပျိုးရေးတက္ကသိုလ် (အောင်ပန်းကျောင်းခွဲ)မှ ကျောင်းအုပ်ကြီး ဒေါက်တာမြင့်လွင်က "ဇီဝသန့်စင်ကုထုံးဖြင့် အင်းလေးရေထုညစ်ညမ်းမှုကို လျှော့ချရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ FREDA မှ အထွေထွေအတွင်းရေးမှူး ဦးစစ်ဗိုလ်က "Watershed Conservation Approaches based on Community Participation in the Inlay Lake Watershed" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တောင်ကြီးတက္ကသိုလ် ရုက္ခဗေဒဌာနမှ ပါမောက္ခ ဒေါက်တာအေးအေးဝင်းကြည်က "အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် ရုက္ခဗေဒဘာသာရပ်မှ လေ့လာတင်ပြချက်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တောင်ကြီးတက္ကသိုလ် သတ္တဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာနွယ်နွယ်ယဉ်က "အင်းလေးကန်ရှိ ဇီဝမျိုးကွဲများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စပ်လျဉ်း၍ တောင်ကြီးတက္ကသိုလ် သတ္တဗေဒဌာနမှ ဆောင်ရွက်ခဲ့သော သုတေသနအချို့အပေါ် ဆန်းစစ်လေ့လာတင်ပြချက်" ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဖတ်ကြားတင်သွင်းကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ပထမနေ့ အလုပ်ရုံဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အင်းလေးကန်ဝန်းကျင် ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲ၌ သုတေသီပညာရှင်များက စာတမ်း ၂၉ စောင်ကို ဇူလိုင် ၁၂ ရက်မှ ၁၄ ရက်အထိ ဖတ်ကြားတင်သွင်းကြမည်ဖြစ်ပြီး အင်းလေးကန်တည်တံ့ရေးအတွက် ကဏ္ဍအလိုက် အကြံပြုချက်များမှ အပြီးသတ်ရွေးချယ် အတည်ပြုဆောင်ရွက်သွားမည်ဖြစ်ကာ ဇူလိုင် ၁၄ ရက်တွင် အလုပ်ရုံဆွေးနွေးပွဲ အဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ် ရေတွင်းကြီးကျေးရွာနှင့် ကျောက်ရေအိုးကျေးရွာများသို့ သွားရောက်၍ မြေဆီလွှာထိန်းသိမ်းနေမှု လုပ်ငန်းများကို ကြည့်ရှုလေ့လာကြမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ချစ်မိုးဖြိုင်ဖြိုင် လဇူလိုင်

- ချစ်မိုးဖြိုင်ဖြိုင်၊ လဇူလိုင်ကြောင့်
နိုင်ငံတစ်ဝန်း၊ မိုးဆမ်းပန်းသို့
လန်းဆန်းနုပျို၊ မြေဆီစို၏။
- မြေဆီစိုခိုက်၊ သစ်ပင်စိုက်ဖို့
နှစ်ခြိုက်စဉ်လာ၊ မျိုးမြန်မာတို့
ရင်မှာပျော်ရွှင်၊ စိတ်သစ်လွင်ဖြင့်
သစ်ပင်စိုက်ပွဲ၊ ဆင်ကာနွဲ၏။
- မြို့ထဲရွာခွင်၊ ပတ်ဝန်းကျင်သည်
နှစ်စဉ်စိုက်ပျိုး၊ သစ်ပင်မျိုးကြောင့်
အကျိုးရှိစွာ၊ အေးရိပ်ဖြာ၍
ရာသီဥတု၊ မျှတမှုဖြင့်
ရတုမှန်စွာ၊ သာကြီးသာ၏။
- မြန်မာသို့လျှင်၊ ကမ္ဘာတွင်လည်း
သစ်ပင်ကိုချစ်၊ တောကိုချစ်၍
သစ်ပင်စိုက်ပျိုး၊ တောရိပ်စိုးသော်
ချစ်မိုးဖြိုင်ဖြိုင်၊ လဇူလိုင်သည်
ကြံ့ခိုင်ပျော်ရွှင်၊ အောင်ပန်းဆင်လိမ့်
နှစ်စဉ်မပျက် ပါတကား။ ။

**ပန်းတောင်းသန်းကြွယ်**

## နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

**(အင်္ဂါနေ့-နံနက်-နေ့လယ်-ည)၁၃-၇-၂၀၁၀ (အင်္ဂါနေ့)**

| | |
|---|---|
| ၇း၀၀ | အဖွင့်တီးလုံး+နှုတ်ခွန်းဆက် |
| ၇း၀၅ | နိုင်ငံတော်သီချင်း+ကြေညာချက် တရားတော် (ဓဇဂ္ဂသုတ်)မြမ္မပူဇာတေး |
| ၇း၃၀ | (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ |
| ၈း၀၀ | စံတော်ချိန်+သတင်း |
| ၈း၁၀ | နံနက်ခင်းတေးပဒေသာ |
| ၈း၃၀ | ပြောပါရစေရှင် (အတ္တနှလုံးသား၊ သစ္စာမြား) |
| ၈း၄၀ | တေးပဒေသာ |
| ၁၀း၀၀ | မွေးနေ့လက်ဆောင် |
| ၁၀း၃၀ | သတင်းစာအာဘော် |
| ၁၀း၃၅ | တေးပဒေသာ |
| ၁၀း၄၅ | ခံတွင်းမြိန်စရာ သူ့လက်ရာ (အသားတုကြော်၊ ပုန်းရည်ကြီးသုပ်၊ ပဲပြား၊ ဆူးပုပ်ရွက်ဟင်းချို) တေးသီချင်း |
| ၁၁း၀၀ | နေ့လယ်ခင်းသတင်း |
| ၁၁း၁၀ | နေ့လယ်ခင်းတေးပဒေသာ |
| ၁၁း၂၅ | Talk on line (ဆင်ပေါက်) |
| ၁၁း၅၀ | တေးပဒေသာ |
| ၁၂း၀၀ | စံတော်ချိန် Current Song |
| ၁၂း၄၀ | တေးပဒေသာ ပြုံးပဒေသာ(ဟာသကမ္ဘာ) |
| ၁း၀၀ | မွန်းလွဲပိုင်းသတင်း |
| ၁း၁၀ | ပညာရေးအစီအစဉ် (အလယ်တန်း-သင်္ချာ) တေးပဒေသာ |
| ၁း၃၀ | အစီအစဉ်ပြီး၏။ |
| ၄း၀၀ | အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ |

| | |
|---|---|
| ၄း၃၀ | သောတရှင်လိုရာတေး |
| ၅း၀၀ | မေတို့တွက်တာ အလှကမ္ဘာ (ရွှေအိုရောင်အလှ ရွှေအိုရောင်မျက်နှာ) |
| ၅း၁၀ | တေးပဒေသာ |
| ၅း၂၅ | သတင်းစာဆောင်းပါး |
| ၅း၃၀ | ညနေခင်းတေးပဒေသာ |
| ၅း၄၅ | ထူးဆန်းထွေလာ ဤမြေကမ္ဘာ အမှတ်စဉ်(၄၈) |
| ၆း၀၀ | ညနေခင်းသတင်း |
| ၆း၁၀ | ညနေခင်းတေးပဒေသာ |
| ၆း၃၀ | စာအုပ်စာပေလူ့မိတ်ဆွေ ၁။ ရှေ့နေကြီးဦးနက်ကျော်နှင့် လက်ရွေးစင်ဝတ္ထုတိုများ- ချစ်ကိုကိုယု ၂။ ကြောင်သူတော်နှင့် အခြားပုံပြင်များ-မောင်သိန်းလွင် |
| ၆း၄၅ | ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ |
| ၇း၀၀ | နိုင်ငံတကာသတင်း |
| ၇း၁၀ | ဇာတ်လမ်းပမာနားဆင်စရာ (မဆုံနိုင်သောဘဝများ) |
| ၉း၃၀ | တေးပဒေသာ နိုင်ငံရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ |
| ၈း၀၀ | ပြည်တွင်းသတင်း |
| ၈း၂၀ | တေးစီးရီး (အိပ်မက်လား တကယ်လား-အဖွဲ့) စီးပွားရေးဦးတည်ချက် |
| ၉း၀၀ | ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ |
| ၁၀း၀၀ | အစီအစဉ်ပြီး၏။ |

# Golf Masters Magazine Readers Tournament 2010
# ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

**မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းနှင့် Golf Masters Magazine Readers Tournament 2010 ဆုရရှိကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (ဂေါက်သီးအဖွဲ့ချုပ်)

**ရန်ကုန် ဇူလိုင် ၁၂**

HAN Golf Masters Pte.,Ltd. က စီစဉ်ထုတ်ဝေသည့် Golf Masters Magazine စာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် Golf Masters Magazine Readers Tournament 2010 ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၁၁ ရက်တွင် မန္တလေးမြို့ရှိ ရေတံခွန်တောင် ဂေါက်ကလပ်၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ HAN Golf Masters Pte., Ltd. မှ ဒါရိုက်တာ ဦးကိုကိုလေးက ကျင်းအမှတ်(၃)၌ ၆ ပေဖြင့် Nearest to the pin ဆုရရှိသော အောင်မြတ်ဘော်၊ ကျင်းအမှတ် (၁၁)၌ ၄ ပေ ၉ လက်မဖြင့် Nearest to the pin ဆုရရှိသော အောင်ကျော်ဇောနှင့် ကျင်းအမှတ် (၁၇)၌ ၃၀၂ ကိုက်ဖြင့် Longest Drive ဆုရရှိသော အောင်မင်းသန့်တို့အား လည်းကောင်း၊ Myanmar Thiha Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်မင်းဦးက အမျိုးသမီး (H'Cap 0-28) ပြိုင်ပွဲ၌ ရိုက်ချက် ၇၃ ချက်ဖြင့် ပထမရရှိသော ဒေါ်အေးအေး၊ ရိုက်ချက် ၇၃ ချက်ဖြင့် ဒုတိယရရှိသော ဒေါ်ရွှေလေး၊ ရိုက်ချက် ၇၄ ချက်ဖြင့် တတိယရရှိသော ဒေါ်မိုးမိုးလေးတို့အား လည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက (H'Cap 17-24) အတန်းပြိုင်ပွဲ၌ ရိုက်ချက် ၇၁ ချက်ဖြင့် ပထမရရှိသော စန်းလွင်၊ ရိုက်ချက် ၇၃ ချက်ဖြင့် ဒုတိယရရှိသော ဝင်းကိုကို၊ ရိုက်ချက် ၇၃ ချက်ဖြင့် တတိယရရှိသော မောင်မောင်၊ ရိုက်ချက် ၇၃ ချက်ဖြင့် စတုတ္ထရရှိသော ကျော်မျိုးဇော်၊ ရိုက်ချက် ၇၃ ချက်ဖြင့် ပဉ္စမရရှိသော ခင်မောင်လွင်တို့အား လည်းကောင်း၊ HAN Golf Masters Pte., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်လှဟန်က (H'Cap 0-16)အတန်းပြိုင်ပွဲ၌ ရိုက်ချက် ၆၈ ချက်ဖြင့် ပထမရရှိသော Mutool၊ ရိုက်ချက် ၆၈ ချက်ဖြင့် ဒုတိယရရှိသော ခင်မောင်အေး၊ ရိုက်ချက် ၆၉ ချက်ဖြင့် တတိယရရှိသော ဝင်းအောင်၊ ရိုက်ချက် ၆၉ ချက်ဖြင့် စတုတ္ထရရှိသော ညွန့်ဝင်းထွန်း၊ ရိုက်ချက် ၆၉ ချက်ဖြင့် ပဉ္စမရရှိသော မျိုးဇော်အောင်တို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါပြိုင်ပွဲတွင် SRIXON, Cleveland, Cross Creek, GP Watch, Dagon Brewery Ltd, Lucky Drinking Water, MR BIG Man Wears နှင့် Nivea Man Products တို့ကလည်း ကူညီပံ့ပိုးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# AFC President's Cup ပြိုင်ပွဲ ပွဲစဉ်မဲနှိုက်ရေးဆွဲ
## ရတနာပုံအသင်း အကြိုဗိုလ်လုပွဲတွင် F.C ဗာကက်ရှ်အသင်းနှင့် ယှဉ်ပြိုင်ရမည်

**ရန်ကုန် ဇူလိုင် ၁၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၀ AFC President's Cup ဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့် ပွဲစဉ်များ မဲနှိုက်ရေးဆွဲသည့် အခမ်းအနားကို ယမန်နေ့ည ၇ နာရီခွဲတွင် Park Royal Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အာရှဘောလုံးအဖွဲ့ချုပ် (AFC) မှ ပြိုင်ပွဲကျင်းပရေး ဒါရိုက်တာ မစ္စတာဆူဇူကီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ရှိသူများ၊ ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်း၊ မြန်မာနေရှင်နယ်လိဂ်အသင်းများမှ ပိုင်ရှင်များ၊ တာဝန်ရှိသူများနှင့် နည်းပြများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကား ပြောကြားသည်။

ယင်းနောက် အာရှဘောလုံးအဖွဲ့ချုပ် (AFC) မှ ပြိုင်ပွဲကျင်းပရေး ဒါရိုက်တာ မစ္စတာဆူဇူကီးက ပြိုင်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သရုပ်ဆောင်မော်ဒယ်လ်များနှင့်အတူ အသင်းများအား မဲနှိုက်ရွေးချယ် ပေးကြသည်။

**(အောက်ဝဲပုံ)**

**တာဂျစ်နှင့် ရတနာပုံ**

ပွဲစဉ် မဲနှိုက်ရေးဆွဲမှုအရ ပထမ အကြိုဗိုလ်လုပွဲအဖြစ် ဒိုဒ္ဒိုင်းမစ်ဘတ် (တာဂျစ်စတန်)နှင့် အက်ရှ်ကာမက် (တာ့ခ်မင်နစ္စတန်)၊ ဒုတိယ အကြိုဗိုလ်လုပွဲအဖြစ် F.C ဗာကက်ရှ် (တာဂျစ်စတန်) နှင့် ရတနာပုံ(မြန်မာ) တို့ ကစားရမည်ဖြစ်သည်။

**သုဝဏ္ဏကွင်း**

အကြိုဗိုလ်လုပွဲများကို စက်တင်ဘာ ၂၄ ရက်၊ ဗိုလ်လုပွဲကို စက်တင်ဘာ ၂၆ ရက်တို့တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

# ထိုင်းနိုင်ငံ PIYAVATE ဆေးရုံကြီး၏ ကိုယ်စားလှယ်ရုံးချုပ်ဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၁၂

**ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ PIYAVATE ဆေးရုံကြီး၏ မြန်မာနိုင်ငံ ကိုယ်စားလှယ်ရုံးချုပ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အခမ်းအနားနှင့် ဆေးပညာနှီးနှောဖလှယ်ပွဲကို ဇူလိုင် ၄ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် Grand Ballroom ၌ ကျင်းပရာ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ PIYAVATE ဆေးရုံကြီးမှ ဆရာဝန်ကြီးများ၊ မိဘဂုဏ်ရည် စီးပွားရေးလုပ်ငန်းစုမှ တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံဆရာဝန်များအသင်း အတွင်းရေးမှူး ပါမောက္ခဦးမြင့်သောင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ထိုင်းနိုင်ငံ PIYAVATE ဆေးရုံကြီးမှ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်အထူးကုဆရာဝန်ကြီး Dr. Dittapong Boonampol က PIYAVATE ဆေးရုံကြီး၏ ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်မှုများအကြောင်းကို လည်းကောင်း၊ အရိုးအဆစ်ခွဲစိတ်အထူးကုဆရာဝန်ကြီး Dr. Poonsak Artan-muayvipas က PIYAVATE ဆေးရုံကြီး၏ အရိုးအဆစ်များ ခွဲစိတ်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပါမောက္ခ ဦးမြင့်သောင်း၊ Dr. Dittapong Boonampol၊ Dr. Poonsak Artanmuayvipas နှင့် မိဘဂုဏ်ရည် စီးပွားရေးလုပ်ငန်းစုမှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာရဲမြင့်စိုးတို့က PIYAVATE ဆေးရုံကြီး၏ မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးချုပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထိုင်းနိုင်ငံ PIYAVATE ဆေးရုံကြီး၏ မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးချုပ်အဖြစ် မိဘဂုဏ်ရည် စီးပွားရေးလုပ်ငန်းစုက တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအဖြစ် ပြည့်စုံသော နှလုံးရောဂါကုဌာနမှ ခေတ်မီနောက်ဆုံးပေါ် ရောဂါရှာဖွေစက်များဖြင့် ရောဂါရှာဖွေခြင်း၊ နှလုံးသွေးကြောပိတ်ဆို့မှုကို ချဲ့ပေးခြင်း၊ နှလုံးအတွင်း နှလုံးခုန်စက်ထည့်ခြင်း၊ နှလုံးအဆို့ရှင်အစားထိုး လဲလှယ်ကုသခြင်းနှင့် နှလုံးရောဂါအမျိုးမျိုးကို လည်းကောင်း၊ ကင်ဆာရောဂါနှင့် မျိုးရိုးဗီဇပြုပြင်ကုသမှုဗဟိုဌာနမှ ရောဂါရှိသော ဗီဇဆဲလ်ကိုသာ တိုက်ရိုက်ဆေးကုသခြင်း (Targeted Therapy)ဖြင့် ခန္ဓာကိုယ်အခြားနေရာများကို အန္တရာယ်မပေးသည့် အဆင့်မြင့်နည်းပညာဖြင့် ကုသပေးခြင်းကိုလည်းကောင်း၊ အမျိုးသား အမျိုးသမီးတို့၏ ခန္ဓာကိုယ်တစ်ခုလုံးရှိ အလှအပ လိုအပ်ချက်ဆိုင်ရာများ ပြုပြင်ပြောင်းလဲခြင်းကို ခေတ်မီနည်းပညာများ အသုံးပြု၍ လည်းကောင်း၊ ဦးနှောက်နှင့် အာရုံကြောရောဂါရှာဖွေကုသမှုဗဟိုဌာနမှ အတွေ့အကြုံရင့်ကျက်သော ဦးနှောက်နှင့် အာရုံကြောခွဲစိတ်အထူးကုဆရာဝန်ကြီးများ၏ ထိရောက်သော ခေတ်မီကုသနည်းများဖြင့်လည်းကောင်း အရိုးအဆစ်ရောဂါကုသမှုဗဟိုဆေးသိပ္ပံနှင့် မျက်စိရောဂါ ကုသမှုဗဟိုဌာနများတွင်လည်းကောင်း သွားရောက်ဆေးကုသမှုခံယူနိုင်သကဲ့သို့ လူနာများအတွက် လိုအပ်ချက်များကို ကိုယ်စားလှယ်ရုံးချုပ်တည်ရှိရာ အမှတ်(၈) အခန်း(၅၀၆) (၅)လွှာ ပန်းခြံတာဝါ ဓမ္မစေတီလမ်းနှင့် ဗားဂရာလမ်းထောင့် စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၀ ၆၀၀၊ ၅၀၀ ၈၀၀၊ ၅၀၀ ၉၀၀၊ ၀၉-၅၀၁၈၇၇၇ နှင့် ၀၉-၉၉၂၀၁၁၁ တို့သို့ ၂၄ နာရီလုံး ဆက်သွယ်နိုင်ပြီး ကျန်းမာရေးဆိုင်ရာများကိုလည်း မိသားစုသဖွယ် ဆွေးနွေးပေးသည့် ဝန်ဆောင်မှုများကိုလည်း အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

အထက(၂)ကမာရွတ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မေလှရီ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ရွှေစင်ရွှေသား ရွှေဆွဲကြိုးပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

# တိရစ္ဆာန်ဆေးပညာကောင်စီ ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံရန် အမည်စာရင်းတင်သွင်းနိုင်

ရန်ကုန် ဇူလိုင် ၁၂

စတုတ္ထအကြိမ် တိရစ္ဆာန်ဆေးပညာကောင်စီကို ကောင်စီဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းရန် တိရစ္ဆာန်ဆေးပညာ ကောင်စီဥပဒေ၊ နည်းဥပဒေများအရ ကောင်စီဝင်ခုနစ်ဦး ရွေးချယ်တင်မြှောက်ရာ၌ ရွေးချယ်တင်မြှောက်ခံရန် ဆန္ဒရှိသော မှတ်ပုံတင်တိရစ္ဆာန်ဆေးကုဆရာဝန်များသည် နည်းဥပဒေ ၆ ပါ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက အမည်စာရင်း တင်သွင်းနိုင်ရန် အမည်စာရင်းတင်သွင်းလွှာ ပုံစံ(၂)ကို မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီရုံးနှင့် ပြည်နယ်/တိုင်း တိရစ္ဆာန်ဆေးပညာဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့တို့တွင် ဇူလိုင် ၁၂ ရက်မှ ၁၆ ရက်အထိ ရုံးချိန်အတွင်း ရယူနိုင်ပြီး ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီရုံးသို့ ဩဂုတ် ၆ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ အမည်စာရင်း တင်သွင်းနိုင်ကြောင်းနှင့် ဖုန်း-၆၄၄၃၀၅၊ ၆၄၄၃၀၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ရွှေ ပွင့် လွှာ ရတနာ ရွှေဆိုင် (Golden Petal Goldshop) ကို တွေ့ရစဉ်။**
(သတင်းစဉ်)

# ရွှေပွင့်လွှာရတနာရွှေဆိုင် ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန်မြို့ လသာမြို့နယ်ရှိ ရွှေပွင့်လွှာရတနာရွှေဆိုင် (Golden Petal Goldshop) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းတွင် အဆိုပါ ရွှေပွင့်လွှာရတနာရွှေဆိုင်၌ ကျင်းပသည်။

### ဖွင့်လှစ်ရောင်းချ

ရွှေပွင့်လွှာရတနာရွှေဆိုင်၌ ၁၅ ပဲရည်ရွှေရည်ပြည့် ရွှေလက်ဝတ်ရတနာများ၊ ခေတ်မီဆန်းသစ်သော လက်ဝတ်ရတနာများကို နေ့စဉ် နံနက် ၉ နာရီမှ ည ၇ နာရီအထိ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။ ထို့အပြင် အော်ဒါအပ်ထည် ရွှေထည်များကို လက်ရာအလိုက် ရက်ချိန်းမှန်ကန်စွာဖြင့် ပြုလုပ်ပေးလျက်ရှိပြီး ရွှေထည်များကို Digitalစနစ်ဖြင့် အရည်အသွေး၊ အလေးချိန် တိကျမှန်ကန်စွာ စစ်ဆေး၍ ရောင်းချပေးလျက်ရှိသည်။ ဝယ်ယူပြီး ရွှေထည်များကို စိတ်တိုင်းကျလဲလှယ်ပေးခြင်း၊ ပြန်လည်ရောင်းချသည့်အခါ ပေါက်ဈေးအတိုင်း လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကာ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဝယ်ယူအားပေးသူများအား လက်ဆောင်များပေးအပ်၍ ရွှေထည်အလျော့တွက် အထူးနှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# (၁၉)ကြိမ်မြောက် ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး မြင်ကွင်းစုံ

**ဝင်းတင်(ကြေးမုံ)**

ဂျိုဟန်နက်စဘတ် ဇူလိုင် ၁၂

**(၁၉)ကြိမ်မြောက် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် တနင်္ဂနွေ နံနက်ပိုင်းက နယ်သာလန်နှင့်စပိန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အင်နီယေစတာ၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် စပိန်ဗိုလ်စွဲခဲ့သည်။**

### ချန်ပီယံသစ် စပိန်

နယ်သာလန်နှင့်စပိန်တို့ ယှဉ်ပြိုင်ခဲ့သည့် ဗိုလ်လုပွဲတွင် ပွဲချိန်မိနစ် ၉၀ အတွင်း ဂိုးမရှိသရေကျနေခြင်းကြောင့် အချိန်ပို မိနစ် ၃၀ ဆက်လက်ကစားစေခဲ့ရာ အချိန်ပိုဒုတိယပိုင်း ၁၁၆ မိနစ်တွင် ကွင်းလယ်ကစားသမား အင်နီယေစတာ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် စပိန်တို့ အနိုင်ရခဲ့သည်။ စပိန်အသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို (၁၃)ကြိမ်ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ယခုတစ်ကြိမ်သာ ဗိုလ်လုပွဲအဆင့်သို့ ရောက်ရှိခဲ့ပြီး ချန်ပီယံဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံသစ် ပေါ်ထွက်လာခဲ့ခြင်းကြောင့် ကမ္ဘာ့ဖလားချန်ပီယံအသင်းရှစ်သင်း ရှိလာခဲ့ပြီဖြစ်သည်။ ယခုဗိုလ်လုပွဲ၏ အကောင်းဆုံးကစားသမားဆုကို စပိန်အသင်းမှ အင်နီယေစတာက ရရှိခဲ့ပြီး ဗိုလ်လုပွဲတွင် အဝါကတ် ၁၄ ကတ် အပြခံရကာ နယ်သာလန်နောက်ခံကစားသမား ဟိုင်တင်ဂါ နှစ်ဝါ၊ တစ်နီဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရသည်။

### ဆုချီးမြှင့်

ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဗိုလ်လုပွဲယှဉ်ပြိုင်ကစားခဲ့သည့် ဂျိုဟန်နက်စဘတ်မြို့ရှိ Soccer City ကွင်း၌ကျင်းပခဲ့ရာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဆပ်ဘလတ္တာနှင့် တောင်အာဖရိကသမ္မတ ဂျာကော့ဘ်ဇူးမားတို့တက်ရောက်၍ ဆုများချီးမြှင့်ခဲ့ကြသည်။ ပရိသတ် ၈၀၀၀၀ ကျော် တက်ရောက်အားပေးခဲ့သည့် ပိတ်ပွဲအခမ်းအနားတွင် ကမ္ဘာကျော် ကိုလံဘီယာပေါ့ပ်အဆိုတော် ရှာကီယာက တောင်အာဖရိက အဆိုတော်နှင့် တွဲဖက်ကာ "Waka Waka" (This Time for Africa) သီချင်းကို သီဆိုဖျော်ဖြေခဲ့သည်။

### ရွှေဘောလုံးဆု

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ အကောင်းဆုံးဘောလုံးသမား "ရွှေဘောလုံးဆု"ကို အသက်(၃၁)နှစ်ရှိ ဥရုဂွေးတိုက်စစ်မှူး ဒီယေဂိုဖော်လန်က ရရှိသွားသည်။ ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဒီယေဂိုဖော်လန်နှင့်အတူ ဂျာမနီအသင်းမှ မူလား၊ စပိန်အသင်းမှ ဒေးဗစ်ဗီလာနှင့် နယ်သာလန်အသင်းမှ ရှနိုက်ဒါတို့ ငါးဂိုးစီသွင်းယူနိုင်ခဲ့သော်လည်း ဥရုဂွေးအသင်းမှ ဒီယေဂိုဖော်လန်က ၂၃ ဒသမ ၄ ရာခိုင်နှုန်းဖြင့် ရွှေဘောလုံးဆု၊ နယ်သာလန်အသင်းမှ ရှနိုက်ဒါက ၂၁ ဒသမ ၈ ရာခိုင်နှုန်းဖြင့် ငွေဘောလုံးဆု၊ စပိန်အသင်းမှ ဒေးဗစ်ဗီလာက ၁၆ဒသမ ၉ ရာနှုန်းဖြင့် ကြေးဘောလုံးဆုတို့ကို အသီးသီး ရရှိခဲ့ကြသည်။

### လူငယ်ကစားသမားဆုနှင့် ရွှေဖိနပ်ဆု

၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၏ အကောင်းဆုံးလူငယ်ကစားသမားဆုကို အသက်(၂၀)အရွယ်ရှိ ဂျာမနီအသင်းမှ မူလားက မက္ကဆီကိုအသင်းမှ ဒေါ့ဆန်းတို့စ်နှင့် ဂါနာအသင်းမှ အင်ဒရီအာရောတို့ကို ကျော်ဖြတ်၍ ရခဲ့ခြင်းဖြစ်သည်။

ရွှေဘောလုံးဆု ရရှိခဲ့သည့် ဥရုဂွေးအသင်းမှ ဒီယေဂိုဖော်လန်။

ယင်းအပြင် မူလားသည် ရွှေဖိနပ်ဆုကိုလည်း ရရှိခဲ့သည်။ ဂျာမနီအသင်းမှ အကောင်းဆုံး လူငယ်ကစားသမားဆုကို အင်္ဂလန်တွင်ကျင်းပခဲ့သည့် ၁၉၆၆ ကမ္ဘာ့ဖလားတွင် ဘက်ကင်ဘောင်ဝါနှင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၀၆ ကမ္ဘာ့ဖလားတွင် ပိုဒေါစကီးတို့ ရရှိခဲ့ဖူးရာ ယခုမူလားမှာ ဂျာမနီအသင်း၏ တတိယမြောက် အကောင်းဆုံးလူငယ်ကစားသမား ဖြစ်လာခဲ့သည်။ ဆွီဒင်နိုင်ငံတွင် ကျင်းပခဲ့သည့် ၁၉၅၈ ကမ္ဘာ့ဖလားတွင် ဘရာဇီးအသင်းမှ ပီလီမှာ ငါးဂိုးသွင်းနိုင်သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် စံချိန်တင်ခဲ့ရာ မူလားမှာ ဒုတိယမြောက် အသက်အငယ်ဆုံး ကစားသမား ဖြစ်လာခဲ့သည်။

### ရွှေလက်အိတ်ဆု

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အထူးချွန်ဆုံးဂိုးသမားကို ရွှေလက်အိတ်ဆုချီးမြှင့်ခဲ့ရာ ချန်ပီယံစပိန်အသင်းမှ ဂိုးသမား ကာဆီးလက်စ်က ရရှိသွားသည်။ ကာဆီးလက်စ်သည် ခုနစ်ပွဲတွင် နှစ်ဂိုးသာပေးခဲ့ရပြီး ဗိုလ်လုပွဲတွင် နယ်သာလန်အသင်းမှ ရော်ဘင်၏အပိုင်ကန်သွင်းချက် နှစ်ကြိမ်လုံးကို အကောင်းဆုံး ကာကွယ်သွားနိုင်ခဲ့သည်။ယင်းအပြင် ပါရာဂွေးအသင်းနှင့် ဆုံတွေ့ခဲ့သည့် ကွာတားဖိုင်နယ်ပွဲစဉ်တွင် ကာဒိုဇိုကန်သွင်းသည့် ပယ်နယ်တီဘောကို ကာကွယ်နိုင်ခဲ့သည့်အပြင် ဂျာမနီအသင်းနှင့် ကစားခဲ့သည့် ဆီမီးဖိုင်နယ်ပွဲတွင်လည်း အကောင်းဆုံးနှစ်ကြိမ် ကာကွယ်နိုင်ခဲ့သည်။

# မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၁၂

### ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ဒေသအလိုက်မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်ပျဉ်းမနားတွင် ၂ ဒသမ ၈၀ လက်မ၊ နေပြည်တော်လယ်ဝေးတွင် ၂ ဒသမ ၇၆ လက်မ၊ နေပြည်တော်(ရေဆင်း)တွင် ၁ ဒသမ ၅၇ လက်မ၊ မောင်တောမြို့တွင် ၆ ဒသမ ၂၁ လက်မ၊ မြောက်ဦးမြို့တွင် ၅ ဒသမ ၀၄ လက်မ၊ သံတွဲမြို့တွင် ၄ ဒသမ ၆၀ လက်မ၊ ကျောက်တော်မြို့တွင် ၄ ဒသမ ၅၇ လက်မ၊ တောင်ကုတ်မြို့တွင် ၄ ဒသမ ၃၇ လက်မနှင့် ကျောက်ဖြူမြို့တွင် ၄ ဒသမ ၁၄ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

**ဇူလိုင် ၁၃ ရက် ညနေထိခန့်မှန်းချက်။** ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

### ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

| | | |
|---|---|---|
| အမြင့်ဆုံးအပူချိန် (၃၃ ဒသမ ၈ ဒီဂရီစင်တီဂရိတ်) ၉၃ဒီဂရီဖာရင်ဟိုက် | | ၁၁-၇-၂၀၁၀ |
| အနိမ့်ဆုံးအပူချိန် (၂၅ဒသမ ၂ဒီဂရီစင်တီဂရိတ်) ၇၇ဒီဂရီဖာရင်ဟိုက် | | ၁၂-၇-၂၀၁၀ |
| ၉း၃၀ နာရီအချိန် စိုထိုင်းဆ | ၈၅ရာခိုင်နှုန်း | ၁၂-၇-၂၀၁၀ |
| နေပူသည့်နာရီပေါင်း | ၆ ဒသမ ၆ နာရီခန့် | ၁၁-၇-၂၀၁၀ |

### မိုးရေချိန်

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၁၂-၇-၂၀၁၀ | ၂မမ(၀.၀၈လက်မ) | ၂၂မမ(၀.၈၇လက်မ) | Tr |
| ၁-၁-၂၀၁၀မှ | ၈၂၇မမ | ၉၆၆မမ | ၁၁၀၄မမ |
| ယနေ့အထိ | (၃၂.၅၆လက်မ) | (၃၈.၀၃လက်မ) | (၄၃.၄၆လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၁-၇-၂၀၁၀ ရက် ၂း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ရှစ်မိုင်နှုန်း တိုက်ခတ်သည်။

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်

**MYANMAR MERCANTILE MARINE COLLEGE**

Bayint Naung Road, Kamayut Tsp., University P.O., Yangon, Myanmar.Tel:95-1-539464,539465
E-mail:principal.imt@mptmail.net.mm,Fax:95-1-513448

## "ကြော်ငြာစာ"

၁။ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် (၂၀၁၁-၂၀၁၂)ခုနှစ်အတွင်း ဖွင့်လှစ်မည့် အောက်ဖော်ပြပါ အရာရှိလောင်းဘွဲ့ကြို (၂)နှစ် ဒီပလိုမာသင်တန်းများကို တက်ရောက်လိုသော ပြည်ထောင်စုမြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသား အိမ်ထောင်မရှိ(လူပျို)များသည် ရန်ကုန်မြို့၊ ဘုရင့်နောင်လမ်း၊ ဆင်မလိုက်၊ တက္ကသိုလ်စာတိုက်၊ ကမာရွတ်၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ကျောင်းအုပ်ကြီးထံသို့ ၁၆-၉-၂၀၁၀ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(က) ကုန်သွယ်ရေကြောင်းအရာရှိလောင်း Nautical Cadet(CD/39) Diploma in Nautical Studies/Dip:N.S သင်တန်းအမှတ်စဉ်(၅)

(ခ) ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာအရာရှိလောင်း Marine Engineering Cadet(CE/37) Diploma in Maritime Technology/ Dip:Mar.Tech.သင်တန်းအမှတ်စဉ်(၅)

၂။ ပညာအရည်အချင်းကန့်သတ်ချက်

တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒဘာသာများ ပါဝင်သောဘာသာတွဲဖြင့် အောင်မြင်ပြီး **စုစုပေါင်း အမှတ်အနည်းဆုံး (၄၂၀)** ရှိရမည်။

၃။ အသက်နှင့် အခြားကန့်သတ်ချက်

(က) ၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့တွင် အသက် (၁၉)နှစ်ထက် မကျော်လွန်စေရ။

(ခ) အရပ်အမောင်း (၅ ပေ ၄ လက်မ) အနည်းဆုံးရှိရမည်။

(ဂ) ကိုယ်အလေးချိန် (၁၀၀)ပေါင် အနည်းဆုံးရှိရမည်။

(ဃ) ရင်အုပ် (၃၂)လက်မ နဂိုအနေအထား အနည်းဆုံးရှိရမည်။

(င) မျက်မှန်၊ မျက်ကပ်မှန် တပ်ထားသူများ မဖြစ်စေရ။ (အင်ဂျင်နီယာအရာရှိလောင်းများမပါ)

၄။ ပဏာမအဆင့် ရွေးချယ်ခံရသူများအား အောက်ဖော်ပြပါအတိုင်း ဆက်လက်စစ်ဆေးသွားမည်။

(က) နားစစ်ဆေးခြင်း၊

(ခ) အထွေထွေကျန်းမာရေးစစ်ဆေးခြင်း။

(ဂ) မျက်စိစစ်ဆေးခြင်း (အရောင်ခွဲခြားနိုင်မှု ရှိ/မရှိစစ်ဆေးခြင်း)။

(ဃ) စိတ်ရောဂါနှင့် မူးယစ်ဆေးသုံးစွဲမှု ရှိ/မရှိ စစ်ဆေးခြင်း၊

၅။ လျှောက်ထားရာတွင် အောက်ပါအချက်အလက်များကို ဖော်ပြရမည်။

(က) တက်ရောက်ရန် သင်တန်းတစ်မျိုးတည်းကိုသာ လျှောက်ထားရမည်။ (သင်တန်းတစ်မျိုးထက်ပို၍ လျှောက်ထားပါက လက်ခံစဉ်းစားမည်မဟုတ်ပါ)

(ခ) အမည်။

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်။

(ဃ) မွေးနေ့သက္ကရာဇ်။

(င) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

(စ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ခုနှစ်/ခုံအမှတ်/မြို့နယ်/တိုင်း ဘာသာရပ်အလိုက်ရရှိသည့် အမှတ်စာရင်းနှင့် စုစုပေါင်းအမှတ်။

(ဆ) အဘအမည်နှင့် အလုပ်အကိုင်။

(ဇ) အမိအမည်နှင့် အလုပ်အကိုင်

(ဈ) နေရပ်လိပ်စာအပြည့်အစုံ။

(ည) ဆက်သွယ်ရန် စကားပြောကြေးနန်းအမှတ်နှင့် နေရပ်လိပ်စာ။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။

(က) လိုင်စင်ဓာတ်ပုံ(၂)ပုံ။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်း/မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့/စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း။

(ဂ) မိမိအောင်မြင်ခဲ့သော အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း **ကျောင်းအုပ်ကြီးကိုယ်တိုင် လက်မှတ်ရေးထိုးသည့် ထောက်ခံစာမူရင်း တင်ပြရမည်။ ယင်းထောက်ခံစာတွင် ကျောင်းတံဆိပ် ရိုက်နှိပ်ထားသော ဓာတ်ပုံပါရှိရမည်။**

(ဃ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ဘာသာရပ်အလိုက် အမှတ်စာရင်း မူရင်း။ **(မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ယူရန်)**

(င) မိဘနှစ်ပါးစလုံးနှင့် မိမိကိုယ်တိုင် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ကြောင်း ကတိခံဝန်ချက်။ **(နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ ပူးတွဲတင်ပြရမည်)**

(စ) ပဏာမအဆင့်ရွေးချယ်ခံရသော သင်တန်းသားများသည် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၏စီစဉ်မှုဖြင့် ဆေးစစ်ပြီး၍ ပြန်လည်သတင်းပို့သည့်အခါ မြန်မာနိုင်ငံစာစစ်အဖွဲ့၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်းနှင့် မိတ္တူတင်ပြရမည်။ သတ်မှတ်သည့်ရက်တွင် မတင်ပြနိုင်ပါက ရွေးချယ်ခြင်းခံရသော ပဏာမစာရင်းမှ ပယ်ဖျက်ခြင်းခံရမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်း မပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြထားသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား စဉ်းစားမည်မဟုတ်ပါ။

၈။ လျှောက်ထားသူသည် အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားကြရမည်။ သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားခြင်းမရှိသူများအား ရွေးချယ်ခြင်းခံရစေကာမူ ရွေးချယ်ခြင်းမှ ပယ်ဖျက်မည်။

၉။ ရွေးချယ်ခံရသူများသည် သင်တန်းတက်နေစဉ်အတွင်း နှစ်စဉ် သင်တန်းကြေး (၂၀၀၀၀ိ/-)၊ အဆောင်ကြေး၊ ဝတ်စုံစရိတ်နှင့် လစဉ်စားစရိတ် အစရှိသည်တို့ကို ကိုယ်တိုင်ကျခံရမည်။

၁၀။ ဘွဲ့ကြိုဒီပလိုမာ (၂)နှစ်သင်တန်းကာလအတွင်း ပထမနှစ်သင်တန်းကို မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်တွင် ကျောင်းအိပ်ကျောင်းစား အဆောင်နေ ကျောင်းသားအဖြစ် (၁)နှစ်တက်ရောက်ရမည်။ ဒုတိယနှစ်သင်တန်းကို မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် နေ့ပြန်သင်တန်းသားအဖြစ် မိမိတို့နေအိမ်မှနေ၍ အရာရှိလောင်းများ၏ နေ့စဉ် အချိန်ဇယား (Cadet Daily Routine)အတိုင်း ဆက်လက်တက်ရောက်ရမည်။

၁၁။ ဘွဲ့ကြိုဒီပလိုမာ(၂)နှစ်သင်တန်းပြီးဆုံးတက်ရောက်အောင်မြင်ပြီးသူများကို ဘွဲ့ကြိုဒီပလိုမာလက်မှတ် (Diploma in Nautical Studies / Diploma in Maritime Technology)နှင့် ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်းပြီးဆုံးခြင်း လက်မှတ် (Mercantile Marine Nautical /Engineering Cadet Training Course Completion Certificate)များ အပ်နှင်းပေးပါမည်။

၁၂။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခြင်းခံရပြီး သင်တန်းတက်ရောက်နေစဉ်အတွင်း အခြားသင်တန်းတစ်ခု ပြောင်းတက်ရန်အတွက် ဤသင်တန်းမှ နှုတ်ထွက်ခွင့်ပြုမည်မဟုတ်ပါ။

၁၃။ လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့သော စာရွက်စာတမ်းများကို ပြန်လည်ပေးပို့ခြင်း၊ ရွေးချယ်ခြင်း မခံရသူများထံသို့ မရွေးချယ်ကြောင်း ပြန်ကြားခြင်းပြုမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သည့် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို ချိန်းဆိုထားသည့်နေ့တွင် စုံစမ်းမေးမြန်းနိုင်သည်။

၁၄။ သင်တန်းကိစ္စရပ်များကို အသေးစိတ်သိလိုပါက မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ သင်တန်းဌာနခွဲ၊ တယ်လီဖုန်းအမှတ် (၅၃၆၁၃၈၊ ၅၃၉၄၆၄၊ ၅၃၉၄၆၅ လိုင်းခွဲ-၁၂၀)တွင် စုံစမ်းမေးမြန်းနိုင်သည်။

**ကျောင်းအုပ်ကြီး**
**မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းယားမြိုင်လမ်း၊ အမှတ် ၅၄ ဟုခေါ်တွင်သော (၁)ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆ ကေ၊မြေကွက်အမှတ်- ၁၁၁ အေ/၉-၆ ၊ ဧရိယာ ၀.၀၅၈ ဧကရှိ မြေပိုင်မြေကွက်နှင့် (၂)မြေကွက်အမှတ်- ၁၁၁ အေ/၁၆-၂ ဘီ ၊ဧရိယာ ၀. ၁၁၁ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေများပေါ်ရှိ အကျိုးခံစားခွင့်များအားလုံးကို မူလမြေအမည်ပေါက်သူထံမှ ဦးခင်မောင်လွင်[၉/မရမ(နိုင်)၀၂၄၅၀၃] အမည်ဖြင့် ဝယ်ယူခဲ့ပါသည်။ ဦးခင်မောင်လွင်အမည်ဖြင့် ဝယ်ယူရာတွင် ဒေါ်သစ်သစ်[၁၂/ဥကတ(နိုင်)၀၀၆၉၇၀]နှင့်ဒေါ်ဆွေလပြည့်စိုး[၁၂/မရက(နိုင်)၁၃၆၀၅၂]တို့က ဖော်ပြပါမြေ ၂ကွက်နှင့် အကျိုးခံစားခွင့်များအားလုံးကို အချိုးကျအကျိုးတူ ပိုင်ဆိုင်ခွင့်ရှိသူများဖြစ်ကြပါသည်။

မူလမြေအမည်ပေါက်သူက ဖော်ပြပါမြေကွက် ၂ကွက်နှင့် ယင်းမြေများပေါ်ရှိ အကျိုးခံစားခွင့်များအားလုံးကို စီမံဆောင်ရွက်နိုင်ရန်အတွက် ဦးခင်မောင်လွင်၊ ဒေါ်သစ်သစ်နှင့် ဒေါ်ဆွေလပြည့်စိုးတို့ကို ပြန်လည်ရုပ်သိမ်းခွင့်မရှိသော အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးခဲ့ပြီးလည်းဖြစ်ပါသည်။

ဖော်ပြပါအမှတ်စဉ်(၁)မြေကွက်အမှတ်- ၁၁၁ အေ/၉-၆ ၊ဧရိယာ၀.၀၅၈ဧကရှိ မြေပိုင်မြေကွက်နှင့် အမှတ်စဉ်(၂)မြေကွက်အမှတ် ၁၁၁ အေ/၁၆-၂ ဘီ ၊ ဧရိယာ ၀.၁၁၁ ဧကရှိ မြေပိုင် မြေကွက်ကြီးအနက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော ယင်းမြေကွက်ကြီး၏ အနောက်ဘက်ခြမ်းဧရိယာ အလျား ၁၅ပေ×အနံခန့်မှန်း ၉၇'/၈၈' - ၆'' အကျယ်အဝန်းရှိ မြေကွက်၊ ယင်းမြေ(၂)ကွက်၏အကျိုးခံစားခွင့်များအားလုံးနှင့်အတူ အင်းယားမြိုင်လမ်းမှ မြေကွက်အမှတ်- ၁၁၁ အေ/၁၆-၂ ဘီ ၏ မြေနယ်နိမိတ်အထိရှိ၍ လက်ရှိအသုံးပြုနေသော ဝင်/ထွက်သွားလာခွင့် ၁၂-ပေ အကျယ်ရှိသောလမ်း (ရန်ကုန်မြို့တော်စည်ပင်၊ မြို့ပြ/မြေယာဌာန၏ ၂၀၀၉-၂၀၁၀ ခုနှစ်သုံး မြေပုံ/မြို့မြေစာရင်းတွင် ဖော်ပြထားသောလမ်း)ကို ထာဝရလွတ်လပ်စွာ သုံးစွဲခွင့်ရှိကြောင်းကို ရောင်းသူ ဦးခင်မောင်လွင်၊ ဒေါ်သစ်သစ်နှင့် ဒေါ်ဆွေလပြည့်စိုးတို့က ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသဖြစ်သောစရန်ငွေကို ရောင်းသူများသို့ပေးချေပြီးဖြစ်၍ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသော တရားဝင်အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နုနုစိန် (LL.B, D.B.L, D.I.L)**
**တရားရုံးချုပ်ရှေ့နေ(စဉ်-၆၈၆၂)**
**ရုံး- တိုက်၉/၁၁၊ အခန်း(၂၀၂-အေ)၊၃၆လမ်း(အောက်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**အိမ်- တိုက်(၂)၊ အခန်း၁၀၃၊ မိုးကောင်းရိပ်သာ၊ မိုးကောင်းလမ်း၊ ၁၃-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။**

## ပုဏ္ဏားကျွန်းမြို့နယ် စီမံကိန်းတာဝန်ပေးအပ်

**ပုဏ္ဏားကျွန်း ဇူလိုင် ၁၂**

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ၂၀၁၀-၂၀၁၁ စီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၃၀ရက် မွန်းတည့် ၁၂နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဦးရာဇ်မင်္ဂလာ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောထွန်းဦးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးအောင်ရွှေဇံ၊ မြို့နယ်ထွေ/အုပ် ဒုတိယဦးစီးမှူး ဦးသိန်းဇော်ဦး၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်မိုးဝင်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမောင်ဦးကျော်နှင့် မြို့နယ်ဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးစိန်လှမောင်တို့က စီမံကိန်းရည်မှန်းချက်အကောင်အထည်ဖော်ဆောင်ရေး ကဏ္ဍအလိုက်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးစောထွန်းဦးက မြို့နယ်အတွင်း စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးတာဝန်များကို ပေးအပ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(ဓါတ်ပုံ)**

(မြို့နယ်ပြန်/ဆက်)

## ဘီးလင်း ထွေ/အုပ်ပညာသင်ထောက်ပံ့ကြေးပေးအပ်

**ဘီးလင်း ဇူလိုင် ၁၂**

ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ ၂၀၁၀ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ထမ်းမိသားစုဝင် ၃၄ ဦးအတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၁၄၂၀၀၀ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက ပေးအပ်ခဲ့ပြီး မြို့နယ်ဒုတိယဦးစီးမှူး ဦးသန်းဝင်းက ဝန်ထမ်းမိသားစုများသို့ ပညာသင်ထောက်ပံ့ငွေနှင့်စာအုပ်၊ စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ဓါတ်ပုံ)**

(မြို့နယ်ပြန်/ဆက်)

## ကွန်ပျူတာပျက်လျှင် ဖုန်းဆက်လိုက်ပါ

**ဖုန်း-၇၀၀၈၈၇၊ ၀၉-၅၁၅၂၈၆၅**

## အမည်ပြောင်း

အဖ ဦးမျိုးအေး [၁၀/ကထန(နိုင်)၀၄၄၉၁၂]၏သမီးဖြစ်သူ အထက(၁)ပြင်ဦးလွင် Grade (11)မှ မရတနာအေးအား မရတနာထက်ဟုပြောင်းလဲခေါ်ဆိုပါရန်။ **မရတနာထက်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မဥ္ဇူလမ်း၊ အမှတ်-၁၈၃(ညာ)အောက်ထပ်မြေညီခန်း ဆောက်လက်စတိုက်ကို ကျွန်ုပ်၏မိတ်ဆွေသည် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝေဝေအောင်[၇/လပတ(နိုင်)၁၃၃၅၇၁]ထံမှ ဝယ်ယူမည်ဖြစ်၍ စရန်ငွေပေးချေထားပါသည်။

အဆိုပါအခန်းနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို တရားဝင်အထောက်အထားဖြင့် ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သက်နွယ် B.A(Law),LL.B**
**တရားရုံးချုပ်ရှေ့နေ(စဉ်-၂၇၆၇)**
**အမှတ်(၂၀၉)၊ ဒုတိယထပ်(ဝဲ)၊**
**၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇-ဘီ)၊ မြေကွက်အမှတ်(၁၂၂)၊ (၂၅'×၄၀')(၀. ၀၂၃)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော ၁၂½'× ၄၀' ရှိ(မြေကွက်၏ခြေရင်းဘက်အခြမ်း) မြေကွက်နှင့် ယင်းမြေပေါ်ဆောက်လုပ်ထားသည့် အမှတ်(၂၂)၊ သီရိမင်္ဂလာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်တော်၏မိတ်ဆွေက ပိုင်ရှင်ဒေါ်သန်းအေး[၁၀/မဂတ(နိုင်)၀၃၉၂၃၀] ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများဖြင့် ကျွန်တော့်ထံသို့ ကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးမြင့်သောင်း(တရားရုံးချုပ်ရှေ့နေ)(စဉ်-၂၅၃၂)**
**အမှတ်(၅၅)၊ ဒု-ထပ်၊ အခန်း(၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ၂-၇-၂၀၁၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၆)ပါ အများသိစေရန် ကြေညာချက်အား ပြန်လည်ရုပ်သိမ်းပေးပါရန် အသိပေးကြေညာခြင်းနှင့် ပတ်သက်၍ ဦးစောဆန်းညွန့်အောင် [၃/ဘအန(နိုင်)၂၇၃၆၀၁]နှင့် အများသိစေရန် ပြန်လည်ကြေညာခြင်း

ကျွန်တော်၏ မိတ်ဆွေများဖြစ်ကြသည့် ဦးကျော်တင့် [၆/မအရ(နိုင်)၀၉၄၀၂၇] နှင့် ဒေါ်စောအင်[၆/မအရ(နိုင်)၀၉၄၀၇၂]တို့သည် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ (၁၀)လမ်းရှိ မြေတိုင်းရပ်ကွက်အမှတ်-၂၂(ဝိုင် ၂)၊ မြေကွက်အမှတ်-ပဥ္စမတန်းစား-၁၃၇/၁၃၈၊ အလျား × အနံ (၅၀' × ၅၀')၊ ဧရိယာ(၀. ၀၅၇)ဧက၊ မြေနှင့်ပတ်သက်၍ ယခုအခါတွင် မည်သည့်ဌာနပိုင်မြေအဖြစ် ပြောင်းလဲသွားနေကြောင်းကို အတိအကျ မသိရှိခဲ့ကြပါ။ အဆိုပါမြေနှင့် အဆောက်အအုံအတွက် ဦးအင်နားအမည်ဖြင့် ယနေ့ထက်တိုင် ဂရန်မြေငှားရမ်းခကို ကျွန်တော့်မိတ်ဆွေများမှ ပေးဆောင်နေကြရပြီး ဦးအင်နားအမည်မှ အခြားဌာနပိုင်မြေအဖြစ် ပြောင်းလဲသွားသည် ဆိုသည့်ကိစ္စကို ပြန်လည်စိစစ်ပေးပါရန်အတွက် သက်ဆိုင်ရာအစိုးရဌာနများသို့ အသနားခံစာတင်ပြကန့်ကွက် လျှောက်ထားနေဆဲဖြစ်ပါကြောင်းနှင့် မည်သူ့ကိုမျှနစ်နာစေရန် အကြံဖြင့် မမှန်မကန်ကြေညာခဲ့ခြင်းမဟုတ်ဘဲ သဘောရိုးဖြင့် ကြေညာခဲ့ခြင်းမျိုးသာ ဖြစ်ကြောင်းတို့ကိုအသိပေး ကြေညာအပ်ပါသည်။

**ဦးကျော်တင့်နှင့် ဒေါ်စောအင်တို့၏ လွှဲအပ်ခန့်ထားညွှန်ကြားချက်အရ-**
**ဦးသောင်းညွန့် (B.A,H.G.P,R.L)**
**တရားရုံးချုပ်ရှေ့နေ(စဉ်-၃၉၃၃)**
**အမှတ်(၁၃)၊ အင်လမ်း၊ ဆေးရိုးတန်း၊ ငြိမ်းချမ်းရေးရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း**

## ပုသိမ်မြို့ အထက(၂) အာစရိယပူဇော်ပွဲကျင်းပရန် အလှူငွေပေးအပ်

**ရန်ကုန် ဇူလိုင် ၁၂**

ပုသိမ်မြို့ အထက(၂) (ယခင်နေရှင်နယ် အမျိုးသားကျောင်း)၌ တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူသွားကြသော ဆရာကြီး၊ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက်တွင် ကျင်းပရန်အတွက် ပုသိမ်မြို့ မဟာဗန္ဓုလလမ်းနေ ကျောင်းသားဟောင်းကြီး ဦးအောင်ခ-ဒေါ်ခင်သန်း (နှင်းဝေလွင်၊ နောင်ရိုး) မိသားစုက ငွေကျပ်ငါးသိန်း၊ ပုသိမ်မြို့ မင်္ဂလာလမ်းနေ ဦးအေးလွင် - ဒေါ်တင်တင်မြင့် (ရွှေနန်းမုန့်ဆိုင်) မိသားစုက ငွေကျပ် တစ်သိန်းလှူဒါန်းရာ ကျင်းပရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် ကျောင်းသားဟောင်းတို့က လက်ခံယူသည်။

ရပ်နီးရပ်ဝေးမှ ကျောင်းသားဟောင်းများနှင့် စေတနာရှင်များသည် ဥက္ကဋ္ဌ ဦးအောင်ခ(နှင်းဝေလွင်) ဖုန်း-၀၄၂-၂၅၄၆၉၊ အတွင်းရေးမှူး ဦးသန်းမြင့် ဖုန်း-၀၄၂-၂၅၇၈၅၊ ဒေါ်ခင်ဝင်း ကထိက၊ ပုသိမ်တက္ကသိုလ် ဖုန်း-၀၉-၅၂၀၀၂၃၆၊ ဦးချစ်ကိုကို ဖုန်း-၀၉-၅၂၀၀၃၆၆၊ ဗိုလ်မှူးသောင်းရွှေ (ငြိမ်း) ရန်ကုန် ဖုန်း-၀၁-၅၅၆၉၉၈၊ ဦးဝင်းအောင် - ဒေါ်ကြည်လေး ရန်ကုန် ဖုန်း-၀၁-၅၆၂၀၈၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(၅၅၂)**

## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## ပြည်ထောင်စုမြန်မာနိုင်ငံ
## မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေး ဖိတ်ကြားလွှာ

ပြည်ထောင်စုမြန်မာနိုင်ငံ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းသားများ မပျက်မကွက် တက်ရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

နေ့ရက် - ၁၈-၇-၂၀၁၀ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉ နာရီ
နေရာ - ကုန်သည်များအသင်းခန်းမ၊ မူဆယ်မြို့

**အလုပ်အမှုဆောင်အဖွဲ့**
**မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း**

## ဒေါ်ဆယ်(မန္တလေး)အား သတိရခြင်း

အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ လူမှုထူးချွန် (ပထမဆင့်)

**ဒေါ်ဆယ်(မန္တလေး)**

**အသက်(၈၁)နှစ်**

**(၁၆-၇-၁၉၂၉ ၊ ၁၃-၇-၂၀၀၉)**

အမေဟာ
ကျွန်တော်တို့ရဲ့ အသည်းနှလုံးထဲမှာ အမြဲတမ်းပါ။
ကျွန်တော်တို့၏ အမြဲတမ်း ချစ်ခင်လေးစားလျက်
ရှိနေဆဲဖြစ်သော
မိခင်ကြီး ဒေါ်ဆယ်အား
သတိရလျက်ရှိနေဆဲ ဖြစ်ပါသည်။

**သား၊ သမီးများ**
**ဦးမြင့်သိန်း၊ ဦးမြင့်သန်း၊ ဒေါ်လှမြင့်၊ ဦးမြင့်စိုး၊ ဦးကျော်စိန်**



## ဒေါ်ဆယ်(မန္တလေး)အား သတိရခြင်း

အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ လူမှုထူးချွန် (ပထမဆင့်)

**ဒေါ်ဆယ်(မန္တလေး)**

**အသက်(၈၁)နှစ်**

**(၁၆-၇-၁၉၂၉ ၊ ၁၃-၇-၂၀၀၉)**

အမေဟာ
ကျွန်တော်တို့ရဲ့ အသည်းနှလုံးထဲမှာ အမြဲတမ်းပါ။
ကျွန်တော်တို့၏ အမြဲတမ်းချစ်ခင်လေးစားလျက်
ရှိနေဆဲဖြစ်သော
မိခင်ကြီး ဒေါ်ဆယ်အား
သတိရလျက်ရှိနေဆဲ ဖြစ်ပါသည်။

**သား၊ သမီး**
**ဦးမြင့်သိန်း၊ ဦးမြင့်သန်း၊ ဒေါ်လှမြင့်၊ ဦးမြင့်စိုး၊ ဦးကျော်စိန်နှင့်မြေးမြစ်များ**

## အိမ်အရောက်သင်သည်

- Study Guide For Primary, Secondary and GCE Students
- English 4 Skills

**Ph:09-5030024**

## နေရာကောင်းငှားမည်

ဆိုင်ဖွင့်ရန် လူစည်သော
မြေညီ+ (ပ)ထပ် HK
သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း
**ဖုန်း-၂၂၂၉၄၉၊ ၀၉-၅၀၂၇၃၇၇**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

သားဖြစ်သူ မောင်ဇော်လတ် [၁၂/ပဇတ(နိုင်)၀၂၉၅၂၃]အား ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။

(မေးမြန်းခြင်းသည်းခံပါ။)

**ဦးဆိုဘီ(ခ)ရွှေဖူး**
**[၁၂/ပဇတ(နိုင်)၀၁၆၂၈၆]**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်ပမ/၁၃၂၀၁၊ Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးကြည်သိန်းမှတ်ပုံတင်အမှတ် [၈/မလန(နိုင်)၀၁၅၄၄၅]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်၊ ပြည်မြို့**



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆ဒီ၊ မြေကွက်အမှတ် ၈၀စီ/၃-ဃ၊ မြေကွက်တည်နေရာ အမှတ်-၆၀၊ အင်းယားလမ်း၊ ကမာရွတ်မြို့နယ် [ဦးဘမောင်(၅)]အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဦးဘမောင်နှင့် ဇနီးဒေါ်နှင်းရီတို့ ကွယ်လွန်သဖြင့် မရှိစ်(ခ)ဒေါ်ခင်လှမြိုင် [၁၂/ကမရ(နိုင်)၀၂၇၃၂၈]က ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ် ၂၉၀/၁၉၉၉ တရားရုံးချုပ် အထူးအယူခံမှုအမှတ် ၄၉နှင့် ၅၉ (၂၀၀၅)တို့အရ အမွေဆက်ခံခွင့်ရသော ချွေးမတော်စပ်သူဖြစ်ကြောင်း တရားရုံးအထောက်အထားများတင်လျှောက် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-ပမ/၁၂၇၆၉၊ ken-bo-125 ယာဉ်လက်ဝယ်ရှိသူအမည် ဦးအောင်ကျော်ဦး မှတ်ပုံတင်အမှတ် [၇/ကပက(နိုင်)၀၅၃၄၉၅]က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

**မာန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော စည်ပင်သာယာလမ်းနှင့် ဂန္ဓမာလမ်းဆုံရှိ ကွန်ကရစ်တံတား ဆောင်ရွက်ထားရှိမှုကို အမှုဆောင်အရာရှိ ဦးဦးစောထွန်း စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးတင်အောင်ခန့် ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

သင့်သွေးဖြင့် အသက်ကယ်ပါ

# မူးယစ်တိုက်ဖျက်ရေးနေ့ အခမ်းအနား ကျင်းပ

**မော်လမြိုင်ကျွန်း ဇူလိုင် ၁၂**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲကို ဇွန် ၂၅ရက် နံနက်၉နာရီက မော်လမြိုင်ကျွန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်ဝင်းနှင့် မြို့နယ်ပညာရေးမှူးကိုယ်စား မော်လမြိုင်ကျွန်းမြို့ အထက(၂) ကျောင်းအုပ်ကြီး ဦးလှအောင်တို့က အမှာစကား ပြောကြားကြသည်။

**ဟောပြော**

ထို့နောက် ဟောပြောပွဲတွင် မော်လမြိုင်ကျွန်း မြို့မရဲစခန်းမှူး ရဲအုပ်ကြည်တိုးက မူးယစ်ဆေးဝါးတို့ရှောင်ရှားအကြောင်း၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းမြင့်က မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းအကြောင်းနှင့် မြို့နယ်ကျန်းမာရေးမှူး ဦးစောမောင်က ကျန်းမာရေးအသိဖြင့် မူးယစ်ဆေးဝါးရှောင်ရှားရေးအကြောင်းများကို ဟောပြောကြကြောင်း သိရသည်။ (၃၆၄)

# စုပေါင်းအလှူဒါနပြုပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၂**

သနန္တန ဓမ္မပါလကအဖွဲ့ချုပ်က ကြီးမှူး၍ (၁၆)ကြိမ်မြောက် စုပေါင်းအလှူဒါနပြုပွဲကို ဩဂုတ် ၁ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဟိန္ဒူမိသားစုများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်း ပါဝင်လှူဒါန်းလိုသူများသည် ဦးကြည်မင်း ဖုန်း-၅၃၅၂၅၁၊ ဦးထွန်းလင်း ဖုန်း-၀၉-၅၁၈၂၃၇၉၊ ဦးစရ်ဝမ်း ဖုန်း-၀၉- ၅၁၀၈၅၄၁၊ ဦးအာရ်ကေအနန္ဒာ ဖုန်း-၀၉-၅၀၀၀၄၅၃၊ ဦးတီကေပေါ(လ်) ဖုန်း-၃၉၈၂၇၈နှင့် ဦးစိုးဝင်း ဖုန်း- ၂၄၂၇၅၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ မိုးကောင်း၌ ကျင်းပ

**မိုးကောင်း ဇူလိုင် ၁၂**

မိုးကောင်းမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ၂၀၁၀ ပြည့်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၉ ရက် နံနက် ၈ နာရီက အလက(ကံလှ) ကျောင်းဝင်းအတွင်းတွင် ကျင်းပရာ ရှေးဦးစွာ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးရဲလွင်က သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ သည်။

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးလွင်၊ ဗိုလ်မှူးကြီး ကိုကိုနိုင်နှင့် တပ်ရင်းတပ်ဖွဲ့မှူးများ၊ မြို့နယ်နှင့် ကျေးရွာအုပ်စုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ဆရာ၊ ဆရာမများ၊ကျောင်းသား၊ကျောင်းသူများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ စုပေါင်း၍ ကျွန်း၊ ပျဉ်းကတိုး၊ ယမနေ၊ မဲဇလီ၊ စွယ်တော်၊ခရေ၊ယူကလစ်၊ကံ့ကော်ပျိုးပင် စုစုပေါင်း ၅၀၁ ပင်ကို သတ်မှတ်နေရာအသီးသီး၌ စိုက်ပျိုးပေးကြသည်။ (၄၉၉)

**သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သာယာဝတီဈေး၌ မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးဝန်ထမ်းများစုပေါင်း၍ သာယာဝတီဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းနှင့် လက်တွေ့ မီးငြိမ်းသတ်ခြင်းတို့ကို ဇွန် ၃၀ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိနှင့် ဈေးများလုံခြုံမှုစစ်ဆေးရေးအဖွဲ့ ကြီးကြပ်ပေးစဉ်။**

(မြို့နယ်စည်ပင်)

**ဟသ်ာတမြို့နယ် စည်ပင်ဈေးများ သန့်ရှင်းရေးအတွက် ဇူလိုင် ၁ ရက်က ငွေဝင်းဈေးအတွင်းရှိ လူသွားလမ်းများ ကောင်းမွန်နေစေရန် ကြမ်းခင်းများ ကွန်ကရစ်ခင်းပြင်ဆင်နေခြင်းကို အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် ဦးစီးအရာရှိ ဦးတင်မောင်ဌေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

## အခြေခံစာရင်းကိုင်ပညာနှင့် စတိုစာရင်းထားနည်း သင်တန်းဖွင့်လှစ်မည်

**နေပြည်တော်ပျဉ်းမနား ဇူလိုင် ၁၂**

စာရင်းစစ်ချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် နေပြည်တော်ခရိုင်စာရင်းရုံးက ဦးစီး၍ အခြေခံစာရင်းကိုင်ပညာနှင့် စတိုစာရင်းထားနည်းသင်တန်းကို နေပြည်တော်ခရိုင် စာရင်းရုံး၌ ဇူလိုင် ၂၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ အခြေခံပညာအထက်တန်း အောင်ပြီးသူများ တက်ရောက်နိုင်ပြီး အပတ်စဉ်(စနေ၊ တနင်္ဂနွေနေ့)များတွင် သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများအနေဖြင့် နေပြည်တော်ခရိုင်စာရင်းရုံး ပေါင်းလောင်း(၁၇)လမ်း ဖုန်း-၂၃၉၂၅သို့ ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအဖွဲ့ရုံး ကျုံးနန်ဟိုင်ဧည့်ဂေဟာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် မစ္စတာလီခချန်နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

## နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာလီခချန်နှင့် တွေ့ဆုံဆွေးနွေး

### နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍ၊ ရေအားလျှပ်စစ်ဆိုင်ရာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို အမြင်ချင်းဖလှယ်

နေပြည်တော် ဇူလိုင် ၁၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ဇူလိုင် ၆ ရက် ညနေ ၄ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအဖွဲ့ရုံး ကျုံးနန်ဟိုင်ဧည့်ဂေဟာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် မစ္စတာလီခချန်နှင့် တွေ့ဆုံဆွေးနွေးသည်။

စာမျက်နှာ ၅ ကော်လံ ၄ သို့ ✻